# Terms and Conditions of Governing Deposit Accounts

# အပ်ငွေစာရင်းဖွင့်လှစ်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ

Version (1.0) January / 2022

# Contents


| Sr. | Title | Page Number |
|---|---|---|
| ၁။ | အဓိပ္ပါယ်ဖော်ပြချက်များ | ၁-၂ |
| ၂။ | စာရင်းဖွင့်လှစ်ခြင်း | ၂ |
| ၃။ | စာရင်းပိုင်ရှင်ညွှန်ကြားချက်များ | ၃ |
| ၄။ | ငွေသွင်းခြင်း | ၃-၄ |
| ၅။ | ကိုယ်စားကောက်ခံခြင်း | ၄-၅ |
| ၆။ | အတိုးနှုန်း | ၅ |
| ၇။ | ငွေထုတ်ခြင်း | ၅ |
| ၈။ | ချက်လက်မှတ်များ | ၆-၈ |
| ၉။ | Payment Stop | ၈-၉ |
| ၁၀။ | ဘဏ်စာရင်းရှင်းတမ်းထုတ်ပြန်ခြင်း | ၉ |
| ၁၁။ | eSavings Account စာရင်းရှင်းတမ်း | ၉-၁၀ |
| ၁၂။ | ငွေစုဘဏ်စာအုပ် | ၁၀ |
| ၁၃။ | Fixed Deposit Account ( အချိန်ပိုင်းအပ်ငွေ ) | ၁၀-၁၂ |
| ၁၄။ | ဝန်ဆောင်ခများကောက်ခံခြင်း။ | ၁၂ |
| ၁၅။ | အချက်အလက်များကြေငြာခြင်း | ၁၂ |
| ၁၆။ | စာရင်းပြောင်းလဲသတ်မှတ်ခြင်း | ၁၂ |
| ၁၇။ | စာရင်းခေတ္တရပ်ဆိုင်းခြင်း | ၁၃ |

# Contents


| Sr. | Title | Page Number |
|---|---|---|
| ၁၈။ | စာရင်းပိတ်ခြင်း | ၁၃ |
| ၁၉။ | Dormant Account သတ်မှတ်ခြင်း | ၁၄ |
| ၂၀ | တာဝန်လွှဲပြောင်းဆောင်ရွက်ခြင်း | ၁၄ |
| ၂၁။ | စာရင်းပိုထုတ်ခြင်း | ၁၄ |
| ၂၂။ | ဘဏ်သို့ပေးရန်တာဝန်များ | ၁၄-၁၅ |
| ၂၃။ | ပေးသွင်းမှုအာမခံ | ၁၅ |
| ၂၄။ | ပေးသွင်းရန်ပျက်ကွက်ခြင်း | ၁၅-၁၆ |
| ၂၅။ | ထိန်းသိမ်းထားရှိခြင်း | ၁၆ |
| ၂၆။ | ကင်းလွတ်ခွင့် | ၁၆-၁၇ |
| ၂၇။ | လျော်ကြေးတာဝန်များ | ၁၇-၁၈ |
| ၂၈။ | ဘဏ်၏တာဝန်ဝတ္တရားများ | ၁၈ |
| ၂၉။ | ဆက်သွယ်ရေးအချက်အလက်များပြင်ဆင်ခြင်း | ၁၈-၁၉ |
| ၃၀။ | အချက်အလက်များပြင်ဆင်ခြင်းအား အသိပေးခြင်း | ၁၉ |
| ၃၁။ | ဝန်ဆောင်မှုပေးခြင်း | ၁၉ |
| ၃၂။ | အကျိုးခံစားပိုင်ခွင့် | ၂၀ |
| ၃၃။ | အငြင်းပွားမှုများနှင့် စုံစမ်းစစ်ဆေးခြင်း။ | ၂၀ |
| ၃၄။ | ဥပဒေအကြောင်းအရာဖြေရှင်းခြင်း | ၂၀ |

ဤစည်းကမ်းသတ်မှတ်ချက်များသည် ဘဏ်တွင်စာရင်းဖွင့်ထားသော Customer ၏ စာရင်းများသာမက ချိတ်ဆက်ဆောင်ရွက်နေသော ဘဏ်၏ ဝန်ဆောင်မှုတိုင်းအတွက် တရားဝင်သတ်မှတ်ထားခြင်းဖြစ်သည်။

## ၁။ အဓိပ္ပါယ်ဖော်ပြချက်များ

ဤစည်းကမ်းသတ်မှတ်ချက်များအတွက် လိုအပ်သော အတိုင်းအတာထိမှလွဲ၍ အောက်ပါဝေါဟာရများကိုအောက်ပါအတိုင်း အဓိပ္ပါယ် သတ်မှတ်သည်။

(၁.၁)"စာရင်းပိုင်ရှင်(များ)"ဆိုသည်မှာ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ပြီး ဘဏ်ဝန်ဆောင်မှုများသုံးစွဲနေသော Customer များကို ဆိုလိုသည်။ ဘဏ်၏သတ်မှတ်ချက်များနှင့်အတူ တစ်ဦးထဲဖြစ်စေ ၊ ပူးတွဲ ဖြစ်စေ၊ ကုမဏီ/ အဖွဲ့အစည်း အနေဖြင့်ဖြစ်စေ၊ ဘဏ်တွင် စာရင်းဖွင့်ထားသော ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ အချိန်ပိုင်းအပ်နှံငွေစာရင်း၊ နှင့် အခြားသောစာရင်း စသည့် စာရင်းများဖွင့်လှစ်ထားသူကို ဆိုလိုသည်။

(၁.၂) "ဘဏ်လုပ်ငန်းဆောင်ရွက်သောရက်" ဆိုသည်မှာ စနေ၊ တနင်္ဂနွေ နှင့် အများပြည်သူရုံးပိတ်ရက်များ မပါဝင်သော လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံတွင် သတ်မှတ်ထားသော ရုံးဖွင့်ရက်(များ) ကိုဆိုလိုသည်။

(၁.၃) "Card" ဆိုသည်မှာ Customer သည် မိမိစာရင်းနှင့်ချိတ်ဆက်သုံးစွဲဆောင်ရွက်နိုင်ရန်အတွက် ဘဏ်မှထုတ်ပေးသော ကတ်ကိုဆိုလိုသည်။

(၁.၄) "Customer" ဆိုသည်မှာ ဘဏ်တွင် တစ်ဦးထဲဖြစ်စေ ပူးတွဲ၍ ဖြစ်စေ စာရင်းဖွင့်ထားသူကို ဆိုလိုသည်။

(၁.၅)"MCH " ဆိုသည်မှာ ဗဟိုဘဏ်မှ သတ်မှတ်ထားသော Standard များနှင့် အညီ ဆောင်ရွက်ထားသော Cheque လက်မှတ်များ အား MICR ပါဝင်သော အီလက်ထရောနစ်စနစ်ဖြင့် စာရင်းရှင်းလင်းရန် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ဆိုလို သည်။

(၁.၆) MICR ဆိုသည်မှာ Cheque လုံခြုံမှုအတွက် Magnetic နည်းပညာဖြင့် ဆောင်ရွက်ထားသော မှင်ဖြင့်ရိုက်နှိပ်ထားပြီး System ဖြင့်သာ ဖတ်ရှုရသော နည်းပညာဖြစ်သည်။

(၁.၇) ချက်လက်မှတ်(များ) ဆိုသည်မှာ ဘဏ်မှ စာရင်းပိုင်ရှင်၏ခွင့်ပြုထားသော စာရင်းမှ မိမိကြိုက်နှစ်သက်ရာ ငွေကြေးဖြင့် ငွေပေးချေမှု များကို ဆောင်ရွက်နိုင်စေရန်အတွက် ဘဏ်မှ ထုတ်ပေးထားသော ချက်လက်မှတ်၊ Payment Order ၊ Certified Cheque ၊ Cashier's Cheque စသော Demand Drafts များအားလုံးကိုဆိုလိုသည်။

(၁.၈) “Returned Items” ဆိုသည်မှာ မည်သည့်အကြောင်းပြချက်အတွက်ဖြင့်မဆို ဘဏ်အနေဖြင့် ငြင်းဆိုသော ချက်လက်မှတ်များ (သို့) ညွှန်ကြားချက်များပါဝင်ပါသည်။

(၁.၉)"CTS Articles " ဆိုသည်မှာ Cheque Truncation System နှင့် စာရင်းရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် ဘဏ်များ အပေါ်ဗဟိုဘဏ်မှ သတ်မှတ်ထားသော လုံခြုံမှုဆိုင်ရာအချက်အလက်များပါဝင်ပြီး Clearing ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုဘဏ်မှအချိန်နှင့်အမျှပြောင်းလဲပြင်ဆင်သတ်မှတ်ထားသောလုံခြုံမှုအတွက်သီးခြားအချက်အလက်များအားချက်လက်မှတ်များ အတွင်း နည်းပညာဖြင့်ထည့်သွင်းထားခြင်းများကိုဆိုလိုပါသည်။

(၁.၁၀)CTS System နှင့် ငွေပေးချေမှုများဆောင်ရွက်ရန်အတွက် ထုတ်ပေးထားသော CTS Articles များပါဝင်သော Cheque, Payment Order, Cashiers' Order, Electronic Vouchers, Dividend Warrants, Demand Drafts, Remittance Receipts and Gift Cheques များ အားလုံး ကိုဆိုလိုသည်။

(၁.၁၁)"CTS Image " ဆိုတာ အီလက်ထရောနစ်ပုံရိပ်များအပါအဝင် ပုံရိပ် Format များနှင့် လုံခြုံမှုအတွက် ပြင်ဆင်ထည့်သွင်းထား သော CTS Articles များကိုဆိုလိုပါသည်။

(၁.၁၂)"Foreign Currency" ဆိုသည်မှာ နိုင်ငံခြားငွေကိုဆိုလိုပြီး မြန်မာကျပ်ငွေအပြင် မြန်မာနိုင်ငံတွင် လက်ခံသော အခြားနိုင်ငံသုံး ငွေကြေး အမျိုးအစား အားလုံးကိုဆိုလိုသည်။

(၁.၁၃)" Instructions" (ညွှန်ကြားချက်များ )ဆိုသည်မှာ Customer သည် ဘဏ်အား ၎င်းကိုယ်စားဆောင်ရွက်ရန် ညွှန်ကြားထားသော ညွှန်ကြားချက်များကို ဆိုလိုသည်။

(၁.၁၄)" ပေးရန်ရှိငွေ " ဆိုသည်မှာ Customer မှ ဘဏ်သို့ ပေးရန်ရှိသော ငွေ (ဘဏ်မှချေးထားသော ချေးငွေ၊ ဘဏ်ပေါင်ပစ္စည်း၊ အခါအား လျော်စွာ ကျသင့်သော ဝန်ဆောင်ခ၊ အခကြေးငွေစသည်) ကို ဆိုလိုခြင်းဖြစ်သည်။

(၁.၁၅)"Product & Services " ဆိုတာ ဘဏ်မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ Customer များအား ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများကို ဆိုလိုပြီး စည်းကမ်းသတ်မှတ်ချက်များသည်လည်း အခါအားလျော်စွာ ဘဏ်မှ ပြောင်းလဲနိုင်ပါသည်။

## ၂။ စာရင်းဖွင့်လှစ်ခြင်း

(၂.၁) ဘဏ်မှခွင့်ပြုသော စာရင်းများအား မြန်မာကျပ်ငွေဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်သော်လည်းကောင်းကိုယ်ကြိုက်နှစ်သက်ရာရွေးချယ်ဖွင့်လှစ်နိုင်သည်။

(၂.၂) စာရင်းဖွင့်ခြင်းတွင် တစ်ဦးချင်းစာရင်း၊ ကုမ္ပဏီ/အဖွဲ့အစည်းစာရင်းများအား ဖွင့်လှစ်ခြင်းအတွက် ဘဏ်မှ သတ်မှတ်ထားသော လိုအပ်ချက်များအား ဘဏ်မှ မေးမြန်းတောင်းဆိုခွင့်ရှိပြီး ဘဏ်သို့အသိပေးဖော်ပြသော အထောက်အထား စာရွက်စာတမ်းများအား ဘဏ်သို့အပ်နှံရမည်ဖြစ်သည်။

(၂.၃) စာရင်းဖွင့်လှစ်ဆောင်ရွက်ခြင်းအတွက် လက်ခံခြင်း (သို့) ငြင်းပယ်ခြင်းကို ဘဏ်မှ ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိရမည်။

(၂.၄) စာရင်းဖွင့်သူသည်စာရင်းဖွင့်ခြင်းအတွက်ငွေရေးကြေးရေးဆိုင်ရာအချက်အလက်များအားဘဏ်မှ စစ်ဆေးအတည်ပြုမှုများ၊ အထောက်အထားများတောင်းဆိုခြင်းများအတွက် ပူးပေါင်းဆောင်ရွက်ခြင်းအား လက်ခံရမည်။

(၂.၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် အပါအဝင် သက်ဆိုင်ရာ ငွေကြေးအာဏာပိုင်များမှ ချမှတ်ထားသော ငွေရေးကြေးရေးဆိုင်ရာရာဇဝတ်မှုနှင့် ပတ်သတ်သော ဥပဒေများ၊ ညွှန်ကြားချက်များအပါအဝင် စာရင်းဖွင့်ခြင်း၊ဆက်သွယ် ဆောင်ရွက်ခြင်းနှင့် ပတ်သတ်သော ဥပဒေများကို လိုက်နာရမည်။

## ၃။ စာရင်းပိုင်ရှင်ညွှန်ကြားချက်များ

(၃.၁) စာရင်းဆောင်ရွက်မှုနှင့် ပတ်သတ်သော ညွှန်ကြားချက်အားလုံးသည် Customer ကိုယ်စားဆောင်ရွက်ခြင်းဖြစ်သောကြောင့် ညွှန်ကြားချက်များ၏ခွင့်ပြုချက်များ ကိုတင်းကျပ်စွာသတ်မှတ်ထားသည်။ ညွှန်ကြားချက်အားလုံးကိုစာရင်းပိုင်ရှင်မှစာနှင့်သော်လည်းကောင်း (သို့) ဘဏ်မှ သတ်မှတ်ထားသောနည်းလမ်းများဖြင့်သော်လည်းကောင်း ညွှန်ကြားချက်ပေးရမည်။ ညွှန်ကြားချက်အားလုံးကို ဘဏ်မှ လက်ခံပြီးသည်နှင့်ဘဏ်သဘောတူညီချက်မပါဘဲ ညွှန်ကြားချက်များကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများမပြုလုပ်ရပါ။

(၃.၂) စာရင်းပိုင်ရှင်၏ညွှန်ကြားချက် တစ်ခုလုံးဖြစ်စေ (သို့) တစ်စိတ်တစ်ပိုင်းဖြစ်စေ ညွှန်ကြားချက် လက်ခံရရှိသည့် အချိန်တွင် စာရင်းပိုင်ရှင်စာရင်းမှပေးချေရန်ရှိသည့် ငွေပမာဏသည်လက်ကျန်ငွေပမာဏထက် များနေပါက ငွေပေးချေမှုအား ဆောင်ရွက်ခြင်း မပြုရန်ဘဏ်မှ ဆုံးဖြတ်နိုင်ပြီး ၎င်းအတွက် စာရင်းပိုင်ရှင်သို့ ဘဏ်မှအသိပေးဆောင်ရွက်မည်ဖြစ်သည်။

(၃.၃) စာရင်းဆောင်ရွက်မှုအတွက် လက်မှတ်ရေးထိုးခွင့်ရှိသူ လက်မှတ်နမူနာ (သို့) စာရင်းအတွက် လုပ်ပိုင်ခွင့်အာဏာရှိသူ(များ) ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်းအား ဘဏ်သို့အကြောင်းကြားဆက်သွယ်မှု လက်ခံရရှိချိန်မတိုင်ခင်အထိ လက်ရှိဘဏ်တွင် လက်ခံထားသောလက်မှတ် နမူနာနှင့်စာရင်းဆောင်ရွက်မှုအတွက် လက်မှတ်ရေးထိုးခွင့်ရှိသူ (သို့) ၎င်းအတွက် လုပ်ပိုင်ခွင့် အာဏာရှိသူ (များ) ၏ လုပ်ပိုင်ခွင့် အခွင့်အာဏာသည် ဘဏ်တွင် ဆက်လက်တရားဝင်ဆောင်ရွက်ခွင့်ရှိနေမည်ဖြစ်သည်။

(၃.၄) ဘဏ်သည်စာရင်းဆောင်ရွက်မှုအတွက် စာရင်းပိုင်ရှင်(များ) (သို့) လက်မှတ်ရေးထိုးခွင့်ရှိသူ(များ)၏ လက်မှတ်များ ကိုဘဏ်တွင် သိမ်းဆည်းထားသော လက်မှတ်နမူနာနှင့် တူမတူ တိုက်ဆိုင်စစ်ဆေးခွင့်ရှိသည်။ စာရင်းပိုင်ရှင်(များ) (သို့)လက်မှတ်ရေးထိုးခွင့်ရှိသူ (များ)၏ လက်မှတ်များအား ကွဲပြားနေသည်ဟု ဘဏ်မှ ခိုင်လုံသောအကြောင်းပြချက်ဖြင့် သံသယရှိပါကစာရင်းဆောင်ရွက်မှု ညွှန်ကြားချက်အား ဘဏ်မှငြင်းပိုင်ခွင့်ရှိရမည်။ သက်ဆိုင်ရာ ဥပဒေညွှန်ကြားချက်များ နှင့်ကိုက်ညီမှုမရှိသောညွှန်ကြားချက်များကို ဘဏ်မှ ငြင်းပယ်နိုင်ပါသည်။

(၃.၅) ညွှန်ကြားချက်များသည် ရှုပ်ထွေးပြီး အငြင်းပွားဖွယ်ရာများရှိပါက ဘဏ်အနေဖြင့် ၎င်းတို့အားရှင်းလင်း နားလည်မှု ရှိသည့်အချိန် ထိညွှန်ကြားချက်များအားဆောင်ရွက်ရန် ငြင်းပယ်နိုင်သည်(သို့) ဘဏ်သည် စာရင်းပိုင်ရှင်(များ)၏ ညွှန်ကြားချက်ဖြင့်ဆောင်ရွက်ခြင်း ဖြစ်သောကြောင့် ၎င်းညွှန်ကြားချက်အား ညွှန်ကြားထားသည့်အတိုင်းဆောင်ရွက် ပေးရန်ဆုံးဖြတ်နိုင်သည်။

(၃.၆) ပေးပို့သောညွှန်ကြားချက်များ မှန်ကန်မှုရှိ/မရှိကို ဘဏ်အနေဖြင့် စုံစမ်းနိုင်သော်လည်း စာရင်းပိုင်ရှင်၏ ဖုန်းသို့ မဖြစ်မနေ ဖုန်းဆက်စုံစမ်းရန် တာဝန်မရှိပါ။ သေချာအောင်မေးမြန်းဆောင်ရွက်ရန်တာဝန်မရှိပါ။ ဖုန်းခေါ်ဆိုအတည်ပြုရာတွင်လည်း ဖုန်းဖြေဆိုခြင်းမရှိပါက ၎င်းညွှန်ကြားချက်အားဆောင်ရွက်ရန်သင့်/မသင့် ဘဏ်မှဆုံးဖြတ်နိုင်သည်။ စာရင်းပိုင်ရှင်ညွှန်ကြား ချက် ဖြင့်ဆောင်ရွက်ခြင်း ကြောင့် ဖြစ် ပေါ် လာသောဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာသည် ဘဏ်နှင့်သက်ဆိုင်မှုမရှိစေရပါ။

## ၄။ ငွေသွင်းခြင်း

(၄.၁) ဘဏ်မှ အနည်းဆုံး စာရင်းဖွင့်ငွေပမာဏကို သတ်မှတ်နိုင်သည်။ ဘဏ်သည် အပ်ငွေလက်ခံမှုအား စာရင်းဖွင့်ငွေပမာဏ ထက် ပိုမိုလက်ခံခြင်းကိုသော်လည်းကောင်း၊ အပ်ငွေပမာဏကန့်သတ်ခြင်းနှင့် အပ်ငွေလက်ခံခြင်းကို ဘဏ်၏ လုပ်ပိုင်ခွင့် အရ ဆုံးဖြတ်နိုင်သည်။

(၄.၂) ဘဏ်မှ အခါအားလျော်စွာပြောင်းလဲပြင်ဆင်သောဆုံးဖြတ်ချက်များအတိုင်း စာရင်းပိုင်ရှင် (များ)သည် သတ်မှတ်လုပ်ထုံးလုပ်နည်း များ နှင့်အညီ မည်သည့်အပ်ငွေအမျိုးအစားအပ်နှံခြင်းကိုမဆို ဘဏ်မှ သတ်မှတ်ထားသော နည်းလမ်းများအတိုင်း ဆောင်ရွက်ရ မည်ဖြစ် ပါသည်။

(၄.၃) ဘဏ်မှအပ်ငွေလက်ခံရရှိခြင်းအတွက်ဘဏ်၏အပ်ငွေလက်ခံစာရွက်ထုတ်ပေးခြင်း၊ကွန်ပျူတာဖြင့်စာရင်းသွင်းပေးခြင်း(သို့) Passbook တွင် Update ဆောင်ရွက်ပြီး လက်မှတ်ရေးထိုးပေးခြင်း စသော ဆောင်ရွက်ပေးခြင်းများပြုလုပ်ပေးပါမည်။

(၄.၄) ငွေပမာဏအများအပြားအပ်နှံခြင်းကို မြန်မာနိုင်ငံ၏ငွေကြေးဖြင့်သာလျှင်ပြုလုပ်ခွင့်ရှိသည်။ ဘဏ်သည်ပမာဏအများအပ်နှံသောငွေပမာဏအား ချက်ချင်းစစ်ဆေးအတည်ပြုလက်ခံခြင်း(သို့) ပမာဏများပြားသောအပ်နှံငွေများကိုစစ်ဆေးရန်လက်ခံကြောင်းစာရင်းပိုင်ရှင်အား အသိပေးပါမည်။ ဘဏ်၏စီစစ်အတည်ပြုခြင်းနှင့်ရေတွက်ခြင်းသာ လျှင်ခိုင်လုံသောတည်ပြုချက်ဖြစ်သည်။ ချက်လက်မှတ် ဖြင့်ရရှိသော အပ်ငွေများကို စာရင်းရှင်းလင်းပြီးမှသာ သက်ဆိုင်ရာ စာရင်းသို့ ထည့်သွင်း ပေးခြင်းကို ဆောင်ရွက်ပေးပါမည်။

## ၅။ ကိုယ်စားကောက်ခံခြင်း

(၅.၁) Collection (ငွေကောက်ခံပေးခြင်း)ဖြင့် ဘဏ်တွင် အပ်နှံငွေထည့်သွင်းခြင်းအတွက် ချက်လက်မှတ် (သို့) အခြားစာရွက်စာတမ်းများဖြင့်ငွေထည့်သွင်းအပ်နှံဆောင်ရွက်ခြင်းကိုစာရင်းပိုင်ရှင်ကိုယ်စားအနေဖြင့် ဘဏ်မှလက်ခံဆောင်ရွက်ခြင်းအားခွင့်ပြုခြင်း (သို့)ခွင့်မပြုခြင်း ကို ဘဏ်၏လုပ်ပိုင်ခွင့်အရ ဘဏ်မှ ဆုံးဖြတ်နိုင်သည်။

(၅.၂) Telegraghic Transfer (သို့) Mail (သို့) ချက်လက်မှတ်အစရှိသော အခြားဘဏ်မှ လက်ခံသည့်ပုံစံများဖြင့်ငွေထည့်သွင်းခြင်းများ အားဘဏ်မှ လက်ခံဆောင်ရွက်ပြီး စာရင်းရှင်းလင်းဆောင်ရွက်မှုမပြီးခင်ထိ ငွေထုတ်ယူခြင်းအား ကန့်သတ်ထားသည်။၄င်းသတ်မှတ်ရခြင်းမှာ လွှဲပြောင်းမှုများတွင်အကြောင်းတစ်စုံတစ်ရာကြောင့် မှားယွင်းမှုတစ်စုံတစ်ရာရှိပါက ဘဏ်မှစာရင်းပိုင်ရှင်စာရင်းငွေပြန်လည်ထုတ်ယူ ခြင်းနှင့် အတိုး(သို့) ဝန်ဆောင်ခ တွက်ချက်ကောက်ခံခြင်းရှိနိုင်ပြီး မှားယွင်းနုတ်ယူခြင်း အတွက် အတိုး(သို့) ဝန်ဆောင်ခ တွက်ချက်ထည့်သွင်း ပေးခြင်းရှိနိုင်သောကြောင့်ဖြစ်ပါသည်။

(၅.၃) Collection ဖြင့် ဆောင်ရွက်သော နိုင်ငံခြားငွေချက်လက်မှတ်များ၊ နှင့် ငွေပေးအမိန့်များအတွက် ပေးချေမှုများကိုဘဏ်မှစာရင်းရှင်းလင်းမှုလက်ခံရရှိပြီးမှသာလျှင်သက်ဆိုင်ရာစာရင်းသို့ထည့်သွင်းပေးမည်ဖြစ်သည်။၄င်းအထောက်အထားများတွင်အကြောင်းတစ်စုံတစ်ရာ မှန်ကန်မှုမရှိသည်ကိုတွေ့ရှိပါက ဘဏ်မှထည့်သွင်းထားသော စာရင်းမှချက်ချင်းပြန်လည်ထုတ်ယူနိုင်ပြီး ၄င်းအတွက်အတိုး(သို့) ဝန်ဆောင်ခ တွက်ချက်ကောက်ခံသွားမည်ဖြစ်သည်။

(၅.၄) ချက်လက်မှတ်များ ၊ Payment Order ၊ Bill of Exchange နှင့် အခြားငွေပေးအမိန့်လွှာများဖြင့် အောက်ပါ အကြောင်းအရာများ အတွက် ငွေပေးချေမှုဆောင်ရွက်ရန် ဘဏ်မှ လက်ခံရရှိပါက-

က) ငွေပေးချေခြင်းအတွက် စာရင်းသို့ ထည့်သွင်းဆောင်ရွက်ရာတွင် ဘဏ်အနေဖြင့် ဘဏ်မှ သတ်မှတ်ထားသော ပုံစံဖြင့် ငွေလက်ခံရရှိပြီးမှသာ ဆောင်ရွက်ပေးမည်ဖြစ်သည်။ ဘဏ်သည် ငွေကောက်ခံခြင်းအတွက် လက်ခံရန် ဘဏ်မှ သတ်မှတ် ထားသော မည်သည့်ပေးသွင်းမှုကိုမဆို လက်ခံပိုင်ခွင့်ရှိသည်။

ခ) သုံးစွဲသူသည် ဘဏ်၏ဆုံးဖြတ်ချက်များကို ဆန့်ကျင်ပြီးပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှု ဖြစ်ပေါ်ခြင်း (သို့)နာမည်ပျက်ခြင်း၊ အခြားလူတစ်ဦးနှင့် အတူဘဏ်၏ ဆောင်ရွက်မှုသို့ (စာရင်းပိုင်ရှင်ခွင့်ပြုချက် ဖြင့် ဆောင်ရွက်သော ကိစ္စများ) အခြား Third Party မှ ဝင်ရောက်ခြင်းများပြုလုပ်လျှင် ဘဏ်အနေဖြင့် တရားစွဲ နိုင်သည်။

ဂ) ငွေထုတ်ပေးမှုရပ်ဆိုင်းရန်ညွှန်ကြားချက်၊ မည်သည့်ပေးချေမှုမှ မပြုလုပ်ရန် အကြောင်းကြားခြင်း အကြောင်းကြားစာများ ၊ နှောင့်နှေးကြန့်ကြာခြင်း၊ Mail မရောက်ခြင်း၊ နောက်ကျခြင်း (သို့) ဘောက်ချာများ ပျက်စီးနေခြင်း စသည့်များကြောင့် စာရင်း ဆောင်ရွက်မှုနှောင့်နှေးကြန့်ကြာခြင်းသည် ဘဏ်၏ တာဝန်မဟုတ်ပါ။

## ၆။ အတိုးနှုန်း

(၆.၁) ဘဏ်သည် သက်ဆိုင်ရာစာရင်းအတွက် သတ်မှတ်အတိုးနှုန်းအလိုက် အတိုးတွက်ချက်၍ (နောက်ကျသောချက်လက်မှတ် ဖြင့်ပေးသွင်းသော အပ်ငွေမှ အပ ) အတိုးပုံမှန် ထည့်သွင်းပေးမည်ဖြစ်ပါသည်။အတိုးနှုန်းများကို ဘဏ်အနေဖြင့် ဘဏ်၏လုပ်ပိုင်ခွင့်အရ ပြောင်းလဲသတ်မှတ်နိုင်ပါသည်။ ဘဏ်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအတွက်ကိုမူ ၄င်းပြောင်းလဲမှုကြားကာလအတွက် ဘဏ်၏ ဆုံးဖြတ်ချက် နှင့်အတူ တွက်ချက်ထည့်သွင်းပေးမည်ဖြစ်ပါသည်။ ဘဏ်စာရင်းတွင် ဘဏ်မှသတ်မှတ် ထားသည့် အနည်းဆုံး နေ့စဉ် လက်ကျန်ငွေပမာဏ အောက်နည်းနေလျှင်အတိုးပေးမည်မဟုတ်ပါ။ သတ်မှတ်ရက်ကိုအခြေခံပြီး အချိန်ကာလ ပြည့်မှီလျှင် ပြည့်မီသော ငွေပမာဏပေါ်တွင် အတိုးတွက်ချက်ပေါင်းထည့်ပေးမည်။

(၆.၂) နိုင်ငံခြားငွေကြေးအတိုးနှုန်းသည်ကြိုတင်အကြောင်းကြားမှုမရှိဘဲ နေ့စဉ်ပြောင်းလဲနိုင်ပါသည်။ ဘဏ်သည်နိုင်ငံခြားအပ်ငွေအတွက်အတိုးနှုန်း နှင့်ပတ်သတ်သည့်ပြောင်းလဲမှုများ (စာရင်းထိန်းသိမ်းခအတိုးနှုန်းကောက်ခံခြင်းအပါအဝင်)ကိုသုံးစွဲသူများထံသို့ အသိပေး ခြင်း မရှိဘဲ ပြောင်းလဲသတ်မှတ်ခြင်းများ လိုအပ်သလို ပြုလုပ်နိုင်ပါသည်။

## ၇။ ငွေထုတ်ခြင်း

(၇.၁) ငွေပေးချေမှုအတွက် ချက်လက်မှတ် ၊ Payment Order ၊ Cashier's Order, Demand Draft, TT တို့ဖြင့် ဘဏ်တွင်ပေးထားသော အပ်ငွေများအား ငွေကြေးအမျိုး အစား အလိုက်ထုတ်ယူနိုင်သည်။

(၇.၂) စာရင်းပိုင်ရှင်အနေဖြင့် ဝန်ဆောင်မှုအလိုက် ဘဏ်မှသတ်မှတ်ထားသော ဝန်ဆောင်ခများအားပေးဆောင်ရမည်။ ဝန်ဆောင်ခများသည်ဘဏ်၏ဆုံးဖြတ်ချက်အရအခါအားလျော်စွာပြောင်းလဲမှုများရှိနိုင်ပါသည်။နိုင်ငံခြားငွေကြေးဈေးနှုန်းသည်လည်းပြောင်းလဲမှုများ ရရှိ နိုင်ပြီး Tansaction ဆောင်ရွက်ချိန် ဘဏ်၏သတ်မှတ်ချက်ဈေးနှုန်းသည်သာ အတည်ဖြစ်သည်။

(၇.၃) စာရင်းပိုင်ရှင်သည် ငွေပေးချေမှုများအတွက် ငွေထုတ်ခြင်း (သို့) ငွေလွှဲခြင်းများကို ဘဏ်အားတောင်းဆိုရာတွင် နိုင်ငံခြားငွေအတွက်ဘဏ်မှသတ်မှတ်သော ငွေတောင်းခံလွှာ(သို့) ချက်လက်မှတ်ဖြင့် နိုင်ငံခြားငွေအမျိုးအစားထုတ်ပေးခြင်း(သို့) သတ်မှတ် ထားသော ငွေကြေး အမျိုးအစားထုတ်ပေးခြင်းကို လိုက်နာရန်တာဝန်ရှိသည်။

(၇.၄) ငွေပေးချေမှုများအတွက် ၄င်း နိုင်ငံခြားငွေကို Cable (သို့) Airmail ဖြင့်လည်းကောင်း (သို့) Telegraphic Transfer ဖြင့်လည်းကောင်း၊ (သို့) ဘဏ်မှ သတ်မှတ်ထားသော စာရင်းလွှဲပြောင်းခြင်းနည်းလမ်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးနိုင်သည်။ စာရင်းပိုင်ရှင်၏ ငွေထုတ်ခြင်းကို ဘဏ်မှ သတ်မှတ်ထား သော ငွေထုတ်ညွှန်ကြား ချက်အတိုင်းဆောင်ရွက်ရမည်။

(၇.၅) စာရင်းပိုင်ရှင်သည် မိမိညွှန်ကြားချက်တိကျမှန်ကန်မှုနှင့် ငွေလုံလောက်မှုအတွက် တာဝန်ယူရမည်။စာရင်းမှငွေမလုံလောက်လျှင် ဘဏ်သည် မည်သည့်ငွေထုတ်ရန်တောင်းဆိုမှုကိုမှ လက်ခံမည်မဟုတ်ပါ။ ဘဏ်သို့ ငွေထုတ်ပေးရန်ညွှန်ကြား ချက်ပေးသူ(များ)သည် စာရင်းပိုင်ရှင်ကိုယ်တိုင်(သို့) ဘဏ်တွင် လက်မှတ်နမူနာပေးသောသူ(များ)ဖြစ်ရမည်။ဘဏ်သို့ စာရင်းပိုင်ရှင်ကိုယ်တိုင် အကြောင်းကြားခြင်း မရှိသော မည်သည့်ငွေထုတ်ယူမှုကိုမျှ ဘဏ်မှ ဆောင်ရွက်ပေးမည်မဟုတ်ပါ။ စာရင်းပိုင်ရှင်ငွေထုတ်ယူမှုနှင့် ပတ်သတ်၍ ဘဏ်မှ ဆုံးဖြတ်ထားသော ဆောင်ရွက်မှုနည်းလမ်းများအတိုင်း လိုက်နာရန်တာဝန်ရှိပါသည်။

## ၈. ချက်လက်မှတ်များ

(၈.၁) ချက်စာအုပ်သည် စာရင်းရှင်အပ်ငွေစာရင်းပြုလုပ်သူများ အသုံးပြုရန်အတွက်သာဖြစ်သည်။ ချက်လက်မှတ်ဖြင့် အခြားသော ငွေစာရင်းများမှ ငွေထုတ်ယူ၍မရပါ။ချက်စာအုပ်ပေးပို့ရာတွင် စာရင်းပိုင်ရှင်၏ တောင်းဆိုချက်အတိုင်း ပေးပို့ခြင်း (သို့) ဘဏ်မှ သတ်မှတ်သော ပုံစံဖြင့်သာ ပေးပို့ပေးမည်။

(၈.၂) ဘဏ်မှ ထုတ်ပေးထားသော ချက်လက်မှတ်သည် သတ်မှတ်ထားသောစာရင်းအတွက် စာရင်းပိုင်ရှင်အသုံးပြုရန်ထုတ်ပေးထားသောချက်လက်မှတ်ဖြစ်သည်။ ချက်လက်မှတ်သည်သတ်မှတ်ထားသော ငွေကြေးအမျိုးအစား အတွက်သာ ထုတ်ယူနိုင်သည်။ ကာကွယ်မှုအတွက် ချက်လက်မှတ်တွင် ဖော်ပြချက်များအားပြည့်စုံစွာဖြည့်ရန်လိုအပ်ပြီး ငွေပမာဏ၏ နောက်ဆုံးတွင် " Only "ရေးသင့်သည်။ (ဥပမာ – 10,000/– Ten thousands Kyats only) ပြင်ဆင်/ ရေးသားမှုများအတွက် သေချာစေရန် စာရင်းပိုင်ရှင်(များ) ကိုယ်တိုင် လက်မှတ် အရှည်ရေးထိုးရမည်။

(၈.၃) စာရင်းပိုင်ရှင်မှ ဘဏ်တွင် ရေးထိုးထားသော Specimen Signature (လက်မှတ်နမူနာ) အတိုင်းရေးထိုးပြီးဘဏ်အား ငွေထုတ် ပေးရန် တောင်းဆိုနိုင်သည်။ ဘဏ်အနေဖြင့် ချက်လက်မှတ်တွင် မမှန်မကန်မှုများရှိသည်ဟု ယူဆပါက(သို့) "bearer"ဟုရေးထားသည်ကို ပယ်ဖျက်ပြီး ငွေထုတ်ယူသူအမည်မပါရှိဘဲ Counter တွင် ငွေထုတ်ယူမှုအတွက် ဘဏ်မှ ငြင်းဆန် နိုင်ပါသည်။

(၈.၄) ဘဏ်အနေဖြင့်ချက်လက်မှတ်တွင် လက်မှတ်ထိုးသူမှန်ကန်မှုရှိမရှိ စစ်ဆေးရန် တာဝန်မရှိသကဲ့သို့ ငွေထုတ်ပေးခြင်းကိုလည်း ဘဏ်မှငြင်းဆိုနိုင်သည်။ စာရင်းပိုင်ရှင်အနေဖြင့် ချက်လက်မှတ်တွင် ဖော်ပြထားသော အချက်အလက်များ အားလုံး မှန်ကန်မှုအတွက် တာဝန်ယူရမည်။ ဘဏ်သည် ပြည့်စုံသည်ဟုယူဆသော ချက်လက်မှတ်အတွက် စာရင်းပိုင်ရှင်စာရင်းမှ ချက်ချင်းငွေထုတ်ပေးနိုင်သည်။

(၈.၅) ချက်လက်မှတ်ဖြင့်ငွေထုတ်ပေးခြင်းအတွက် ငြင်းဆိုခြင်းတွင် အောက်ပါ အချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားသွားမည်။

(၈.၅.၁)(က)လက်မှတ်မထိုးထားသော ချက်လက်မှတ်များ နှင့် ရက်စွဲမပါသောချက်လက်မှတ်များ၊ ကြိုတင်ရက်စွဲဖော်ပြထားသော ချက်လက် မှတ်များအပါအဝင် ဘဏ်၏ သတ်မှတ်ချက်များနှင့် မပြည့်စုံသည့်ချက်လက်မှတ်များ။ (ခ) အပ်ငွေ မလုံလောက်သော ချက်လက်မှတ်များ (သို့) ပေးချေရန် အချက်အလက် ပြည့်စုံမှုမရှိသော ချက်လက်မှတ်များ။ (ဂ) ဘဏ်အနေဖြင့် ၄င်းတို့၏လုပ်ပိုင်ခွင့်ဆုံးဖြတ်ချက် အတိုင်း ဘဏ်စည်းမျဉ်းစည်းကမ်းများ နှင့် ကိုက်ညီခြင်းမရှိဟု ယူဆသော ချက်လက်မှတ်များ။ (ဃ) စာရင်းရှင်းလင်းရန် ပေးပို့ထား သည့် ချက်လက်မှတ်ဖြစ်သော်လည်း ငွေပေးချေမှု မမှန်ကန်ခြင်းကြောင့် ပြန်ရောက်ရှိလာသော ချက်လက်မှတ်များ (သို့) မမှန်ကန်သော ချက်လက်မှတ်များ (သို့) ဘဏ်မှလက်မခံနိုင်သော အခြားသောအကြောင်း အရင်းများကြောင့်ပြန်ရောက် ရှိလာသော ချက်လက်မှတ်များ။

(၈.၅.၂)ပူးတွဲစာရင်းဖွင့်ထားသူများမှ ဘဏ်သို့ ညွှန်ကြားချက်ပေးရာတွင် (ညွှန်ကြားချက်များ၊ သဘောတူညီချက်များ၊ဆောင်ရွက်ရန်၊ တာဝန်ဝတ္တရားများ) စာရင်းပိုင်ရှင် (များ) ကိုယ်တိုင် အတူတကွလက်မှတ်ရေးထိုး၍လည်းကောင်း (သို့)၎င်းတို့ထဲမှတစ်ဦးဦးမှ လက်မှတ်ရေးထိုး၍လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

(၈.၅.၃) ဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်၊ ကြေငြာချက်များအား ဘဏ်မှ စာရင်းပိုင်ရှင် (များ) သို့ (မည်သူမဆို) ပေးပို့နိုင်ပြီး စာရင်းပိုင်ရှင် (များ) မှ သက်ဆိုင်သူ တစ်စုံတစ်ဦး ပေးပို့လာသော ညွှန်ကြားချက်အား ဘဏ်အနေဖြင့် မည်သို့မျှ စုံစမ်းစစ်ဆေးစရာမလိုပဲ ၎င်းညွှန်ကြားချက်အတိုင်း ဘဏ်မှ ဆောင်ရွက်နိုင်(သို့) ငြင်းပယ်နိုင် သည်။

(၈.၅.၄) ဘဏ်အနေဖြင့်ပြဌာန်းထားသော (သို့) ဆုံးဖြတ်ထားသော ပြဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များကို ဘဏ်မှ မည်သည့်အချိန်တွင်မဆို အချိန်နှင့်တပြေးညီ ပြောင်းလဲဆောင်ရွက်နိုင်ပြီး ၎င်းပြောင်းလဲမှုတိုင်းအတွက် ဘဏ်အနေဖြင့် အကြောင်းပြချက် ပေးရန်မလိုအပ်ဘဲ ဆောင်ရွက်နိုင်သည်။

## (၈.၆) Bulk Cheque Service

(၈.၆.၁) ဘဏ်အနေဖြင့် Bulk Cheque Service ရယူထားသော စာရင်းပိုင်ရှင်အတွက် ၎င်းတို့ရယူလိုသော ပုံစံအတိုင်း ဆောင်ရွက်ပေးနိုင်သည်။ Bulk Cheque Service အတွက် သတ်မှတ်ထားသော Application နှင့် ရယူနိုင်ပြီး သတ်မှတ်ထားသော စည်းကမ်း သတ်မှတ်ချက်များအားလုံး သဘောတူလက်ခံရမည်။

(၈.၆.၂) ဘဏ်သည်ချက်အားလုံးနှင့်ပတ်သက်၍ဘဏ်၏လုပ်ထုံးလုပ်နည်း နှင့်မူဝါဒများအတိုင်း ဆောင်ရွက်မည်ဖြစ်သည်။ စာရင်းပိုင်ရှင်အနေဖြင့် အောက်ပါတို့အား သိရှိသဘောတူရမည်။

(က) ပေးပို့လာသော ချက်လက်မှတ်များကို ဘဏ်၏ သတ်မှတ်ထားသော ဘဏ်ခွဲများမှ ဆောင်ရွက်ပေးမည်။

(ခ) ချက်လက်မှတ်လက်ခံရရှိသည့်အပေါ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော Clearing Cut Off Time မတိုင်မီပေးပို့လာသော ချက်လက်မှတ်များကို သက်ဆိုင်ရာဘဏ်ခွဲများမှ နေ့ချင်းစာရင်းရှင်းလင်းပေးခြင်း အတွက် ဆောင်ရွက်ပေးပြီး အချိန်ပြောင်းလဲမှုများအတွက်မူ စာရင်းပိုင်ရှင်သို့ ဘဏ်မှ အကြောင်းကြားပေးမည်။

(ဂ) Clearing ပိတ်ပြီးသည့်နောက်ပိုင်း လက်ခံရရှိခဲ့သော Cheque ကို Clearing အတွက် နောက်တနေ့ဘဏ်ဖွင့်ရက်တွင် လုပ်ငန်းဆောင်ရွက်ပေးမည်ဖြစ်သည်။

(ဃ) ပုံမှန် စာရင်းရှင်းလင်းခြင်းတွင် ဘဏ်မှ အချိန်နှင့်တပြေးညီ ထုတ်ပြန် ထားသောညွှန်ကြားချက်များနှင့် သတ်မှတ်ထားသည့် လုပ်ရိုးလုပ်စဉ် လုပ်ထုံးလုပ်နည်းအတိုင်း စာရင်းပိုင်ရှင်စာရင်း သို့ စာရင်းရှင်းလင်း ဆောင်ရွက်ပေးမည်။

(င) Return Cheque များအတွက် ဘဏ်မှဖော်ပြထားသော Application Form တွင် ဖော်ပြထားသောနည်းလမ်းများ အတိုင်းဘဏ်မှ စာရင်းပိုင်ရှင်ထံပြန်လည်ပေးပို့ခြင်း ဆောင်ရွက်မည် ဖြစ်သည်။ ဘဏ်မှ ပြန်ပေးပို့ရာတွင် ပေးပို့သော အချိန်နှင့်နည်းလမ်းများ ပြောင်းလဲမှုရှိပါက အချိန်နှင့်တပြေးညီ စာရင်းပိုင်ရှင်သို့အကြောင်းကြားခြင်း ပြုလုပ်ပေး မည်ဖြစ်သည်။

(၈.၇)** ဘဏ်သည် Customer ကို အောက်ပါအစီရင်ခံစာများအား ပြင်ဆင်ဆောင်ရွက်ပေးမည်။

က) Returned Cheque များနှင့်ပတ်သတ်သော အချက်အလက်များအား Transaction Report တွင် ဖော်ပြမည်မဟုတ်ပါ။

ခ) Returned Cheque များအတွက် Report အား Returned Cheque ပေးပို့သော အချိန်တွင်တပါတည်းပေးပို့သွားမည်ဖြစ်သည်။

ဂ) Bulk Cheque Reports များအားလုံးသည် နေ့စဉ်(သို့) အပတ်စဉ်(သို့) လုပ်ငန်းဆောင်ရွက်စဉ် ကာလအပိုင်းအခြား အလိုက် ဆောင်ရွက်သောအချိန်၊ အကြိမ်ရေနှင့် အချက်အလက်များအခြေခံပြီး သဘောတူညီမှုများအတိုင်း ပြင်ဆင်ဆောင်ရွက် ပေးပို့ခြင်းဖြစ်သည်။

(၈.၈) ချက်လက်မှတ်ဖြင့် ငွေအပ်နှံခြင်းတွင် တစ်စုံတစ်ရာလွဲမှားမှုရှိသည်ဟု ဘဏ်မှဆုံးဖြတ်ပါက ဆုံးဖြတ်ချက်အတိုင်း စာရင်းပိုင်ရှင်မှ ဘဏ်တွင်အသိပေးထားသောလိပ်စာထံ(သို့) ဘဏ်မှသတ်မှတ်သောပုံစံဖြင့် ပြန်လည်ပေးပို့မည်ဖြစ်ပြီး ပြန်ပို့သောချက်လက်မှတ် များအတွက် ကုန်ကျစရိတ်များကို စာရင်းပိုင်ရှင်မှ ကျခံရမည်ဖြစ်သည်။

(၈.၉) ချက်လက်မှတ်အား လုံခြုံစွာထိန်းသိမ်းရန်အတွက် စာရင်းပိုင်ရှင်တွင် တာဝန်အပြည့်အဝရှိသည်။ စာရင်းပိုင်ရှင်အနေဖြင့် ချက်လက်မှတ်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ အခိုးခံရခြင်းများဖြစ်ပေါ်လျှင်ဘဏ်သို့ချက်ချင်းအကြောင်းကြား ရမည်ဖြစ်သည်။

(၈.၁၀)သုံးစွဲသူ အနေဖြင့် လည်းကောင်း၊ ဘဏ်အနေဖြင့်လည်းကောင်း စာရင်းပိတ်မည်ဆိုပါက ဘဏ်မှ ထုတ်ပေးထားပြီး စာရင်းပိုင်ရှင်အသုံးပြုနေသောချက်လက်မှတ်များသည် ဘဏ်၏ပိုင်ဆိုင်မှုအဖြစ်ပြောင်းလဲသတ်မှတ်သောကြောင့် ဘဏ်သို့ပြန်လည် အပ်နှံရမည်။

## ၉။ Payment Stop

(၉.၁) အကယ်၍ Customer သည် ချက်လက်မှတ်အား ပြန်လည်ထုတ်ယူလိုခြင်း (သို့) ငွေပေးချေရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်လိုပါက၊ ချက်လက်မှတ်၏ညွှန်ကြားချက်နှင့် အချက်အလက်များအား အပြည့်အစုံ ရေးသားဖော်ပြရပါမည် (သို့) ဘဏ်မှ လက်ခံသဘောတူ ထားသော အခြားနည်းလမ်းများနှင့် အကြောင်းကြားနိုင်သည်။ ၎င်းတို့တွင် (က) ချက်လက်မှတ်နံပါတ် (ခ) ထုတ်ပေးသည့် နေ့(မဖြစ်မနေဖော်ပြရမည်) (ဂ)ထုတ်ပေးသူ၏ နာမည် (မဖြစ်မနေဖော်ပြရမည်)နှင့် (ဃ) ငွေပမာဏ (မဖြစ်မနေ ဖော်ပြရမည်)၊ ဘဏ်သို့ ဖော်ပြကြေငြာပေးရပါမည်။

(၉.၂) အထက်အပိုဒ်ခွဲ(၉.၁)အရ အကြောင်းကြားခြင်းပေါ်တွင် ဘဏ်မှ အလုံးစုံတာဝန်မရှိစေရပါ။ ဘဏ်မှ ညွှန်ကြားချက်အား ဆောင်ရွက်ရန် လက်ခံသဘောတူညီပါက၊ ဘဏ်မှအထက်ပါကိစ္စအတွက် ညွှန်ကြားချက်(များ)ကို သင့်တင့်လျောက်ပတ်သည့် အချိန်တွင်ဆောင်ရွက်ပြီးCustomer၏ ညွှန်ကြားချက်သည် ချက်ချင်းသက်ရောက်မှုမရှိခဲ့သော် (သို့) သက်ရောက်မှု မရှိတော့လျှင် ဘဏ်တွင် တာဝန်ယူမှု မရှိစေရပါ။

(၉.၂) အဆိုပါညွှန်ကြားချက်အား လက်ခံဆောင်ရွက်ရန်အတွက် ဘဏ်မှလိုအပ်သော မည်သည့် စာရွက်စာတမ်း များကိုမဆို တောင်းဆို ပါက Customer မှ အပြည့်အစုံဆောင်ရွက်ပေးရပါမည်။

(၉.၃) Payment Stop အတွက် ညွှန်ကြားချက်အား ဘဏ်မှ သဘောတူညီရာတွင် စာရင်းပိုင်ရှင်သည် အောက်ပါအချက်များ သဘောတူရန်လိုအပ် လာနိုင်ပါသည်။

က) ချက်လက်မှတ်အား Payment Stop ပြုလုပ်ခြင်းအတွက် ပေါ်ပေါက်လာနိုင်သော ဘဏ်၏ကုန်ကျစရိတ်၊ ဆုံးရှုံးမှုများအတွက် စာရင်းပိုင်ရှင်မှ တာဝန်ခံရန်။

ခ) ပေါ်ပေါက်လာသော ကိစ္စရပ်အတွက် ညွှန်ကြားချက်အား ဆောင်ရွက်မှုတွင် ဆောင်ရွက်မှုကြန့်ကြာခြင်း၊ ဆောင်ရွက်မှုမအောင်မြင်ခြင်း များအတွက်ဘဏ်တွင်တာဝန်မရှိစေရပါ ။

ဂ) ညွှန်ကြားချက်နှင့် သက်ဆိုင်သော ချက်လက်မှတ်ပြန်တွေ့လျှင်သော်လည်းကောင်း၊ ပျက်ဆီးလျှင်လည်းကောင်း၊ (သို့) ညွှန်ကြားချက် အား ပယ်ဖျက်လိုလျှင်လည်းကောင်း ဘဏ်အားချက်ချင်းအကြောင်းကြားရန်။

ဃ) စာရင်းပိုင်ရှင်ထံမှပေးပို့သော ညွှန်ကြားချက်အား ဘဏ်မှ လက်ခံရရှိသော နေ့ရက်မှ (၆)လ အတွင်းသာ ဘဏ်မှ ဆောင်ရွက်ပေးရန်တာဝန်ရှိသည်(သို့)ဘဏ်မှသတ်မှတ်သောကာလအတွင်းသာ ဆောင်ရွက်ပေးရန်တာဝန်ရှိသည်။

## ၁၀။ဘဏ်စာရင်းရှင်းတမ်းထုတ်ပြန်ခြင်း

(၁၀.၁)စာရင်းပိုင်ရှင်သည် မိမိဘဏ်စာရင်းရှင်းတမ်းအား လစဉ်(သို့) ဘဏ်မှ သတ်မှတ်ထားသည့် ကာလအလိုက် Account Statement တောင်းဆိုနိုင်ပါသည်။ ဘဏ်၏ဆုံးဖြတ်ချက်ဖြင့် စာရင်းပိုင်ရှင်၏ Account Statement ပေးပို့ခြင်းကို ပြုလုပ်မည်မဟုတ်ပါ။ Account Statement သည် စာရွက်(သို့) Electronic Form ပုံစံနှင့် ပေးပို့မည်ဖြစ်သည်။ စာရင်းပိုင်ရှင်၏ Statement တွင်ပါရှိသော အသေးစိတ်အချက် အလက်များ၏ မှန်ကန်မှုကို အတည်ပြုရန်နှင့် မှားယွင်းမှု တစ်စုံတစ်ရာရှိပါက ၁၄ ရက်အတွင်းဘဏ်ကို အကြောင်းကြားရန်လိုအပ်ပါသည်။

(၁၀.၂) အထက်တွင်ဖော်ပြထားသော သတ်မှတ်ရက်ကျော်လွန်ပါက Statement၏ အသေးစိတ်အချက်အလက်များနှင့်ပတ်သတ်၍စာရင်းပိုင်ရှင်မှ မှားယွင်းမှုတစ်စုံတစ်ရာအတွက် ဘဏ်အားပြင်ဆင်ရန် တောင်းဆိုလာပါက ဘဏ်မှဆုံးဖြတ်သောနည်းလမ်းဖြင့် (သို့)ဘဏ်မှ ဆုံးဖြတ်သော သင့်တော် သော အချိန်တွင် ပြင်ဆင်ပေးရန်တာဝန်ရှိသည်။

(၁၀.၃)စာရင်းပိုင်ရှင်များ၏ အဆင်ပြေစေမှုအတွက် ဘဏ်၏ထုတ်ပြန်ထားသော သတ်မှတ်စည်းကမ်းများနှင့်အညီ ဘဏ်မှ ငွေစုဘဏ်အပ် ငွေနှင့် စာရင်းရှင်စာရင်းများ၏ Transaction မှတ်တမ်းများကို Online Record အဖြစ် သတ်မှတ်ကာလအပိုင်းအခြား အလိုက် Electronic Transaction History အနေဖြင့်လည်းဖော်ပြပေးမည်ဖြစ်သည်။ Electronic Transaction History နှင့် Statement of Account တို့တွင် ကွဲလွဲချက်များရှိနေလျှင် Statement of Account ၏ မှတ်တမ်းသည်သာ အတည်ဖြစ်သည်။

## ၁၁။eSavings Account စာရင်းရှင်းတမ်း

(၁၁.၁)CB Bank eSavings Account သည် eMail Alert နှင့် စာရင်းပိုင်ရှင်ထံ နေ့စဉ် Transaction Alert များပေးပို့ခြင်းကိုလည်းကောင်း၊ လစဉ်eStatement ပေးပို့ခြင်းသော်လည်းကောင်းဆောင်ရွက်ပေးသောစာရင်းဖြစ်သည်။ စာရင်းပိုင်ရှင်အနေဖြင့်လည်း Account Statement ကို eStatement အနေဖြင့်သာ ရရှိနိုင်မည်ဖြစ်သည်။ eSavings သည်ဘဏ်၏ အခြားသော ဝန်ဆောင်မှုများ နှင့်ပေါင်းစပ်၍ဘဏ်မှသတ်မှတ် ထားသည့်အတိုင်း သုံးစွဲလျှင်လည်း စာရင်းနှင့် ပတ်သတ်သော Transaction အတွက် Statement ကို eStatement ဖြင့် ရရှိမည်။ Paper Statement သီးခြားရယူလိုပါက သတ်မှတ်ဝန်ဆောင်ခဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

(၁၁.၂) စာရင်းပိုင်ရှင်သည် Paprer Statement (သို့) eStatement အပြင် ၄င်း၏ Statement ကို ဘဏ်၏ ATM / Mobile Banking တို့မှ တစ်ဆင့် Paper Statements (သို့) estatements မသုံးဘဲ ကြည့်ရှုနိုင်မည်ဖြစ်သည်။ ATM မှထုတ်ယူသော Statement သည် သတ်မှတ်ကာလအပိုင်းအခြား တစ်ခုအတွက်သာဖြစ်ပြီး အသေးစိတ် Statement အတွက်ကိုမူ ဘဏ်သို့ တောင်းဆိုနိုင်သည်။

(၁၁.၂) စာရင်းပိုင်ရှင်သည် မိမိStatement တွင်လည်း အသေးစိတ်အချက်အလက်များ၏ မှန်ကန်မှုကို အတည်ပြုရန်လိုအပ်ပြီး မှားယွင်း မှုတစ်စုံ တစ်ရာရှိပါက ၁၄ရက်အတွင်း ဘဏ်ကိုအကြောင်းကြားရန်လိုအပ်ပါသည်။

(၁၁.၃)အထက်တွင်ဖော်ပြထားသော သတ်မှတ်ရက်ကျော်လွန်ပါ Statement ၏ အသေးစိတ် အချက်အလက်များနှင့် ပတ်သတ်၍စာရင်းပိုင် ရှင်မှ မှားယွင်းမှုတစ်စုံတစ်ရာအတွက် ဘဏ်အားပြင်ဆင်ရန် တောင်းဆိုလာပါက ဘဏ်မှ ဆုံးဖြတ်သော

နည်းလမ်းဖြင့် (သို့) ဘဏ်မှ ဆုံးဖြတ်သော သင့်တော်သော အချိန်တွင် ပြင်ဆင်ပေးရန်တာဝန်ရှိသည်။ ဘဏ်သည် သတ်မှတ်ထားသော အချိန်အတွင်း မည်သည့်အကြောင်းကြားချက်ကိုမှမရရှိလျှင် ဘဏ်စာရင်းရေးသွင်းချက် (သို့) မှတ်တမ်းများသည်မှန်ကန်မှုရှိခြင်း၊ တရားဝင်ဖြစ်ခြင်း၊ နောက်ဆုံး နှင့် အပြီးသတ်ပြည့်စုံခိုင်လုံသည်ဟု ယူဆမည်ဖြစ်သည်။

(၁၁.၄) စာရင်းပိုင်ရှင်များ၏ အဆင်ပြေစေမှုအတွက် ဘဏ်၏ ထုတ်ပြန်ထားသော သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဘဏ်မှငွေစု ဘဏ်အပ်ငွေ နှင့် စာရင်းရှင်စာရင်းများ၏ Transaction မှတ်တမ်းများကို Online Record အဖြစ်သတ်မှတ် ကာလအပိုင်းအခြားအလိုက် Electronic Transaction History အနေဖြင့်လည်းဖော်ပြပေးမည်ဖြစ်သည်။ Electronic Transaction History နှင့် Statement တို့ကွဲလွဲ ချက်များ ရှိနေလျှင် Statement၏ မှတ်တမ်းသည် အတည်ဖြစ်သည်။

## ၁၂။ ငွေစုဘဏ်စာအုပ်

(၁၂.၁) ဘဏ် Counterတွင် စာရင်းပိုင်ရှင် ငွေထုတ်ခြင်း၊ ငွေသွင်းခြင်းများ ပြုလုပ်နိုင်စေရန်အတွက် စာရင်းပိုင်ရှင်၏ ကိုယ်ရေးအချက်များ ဖော်ပြ ထားပြီး ဘဏ်၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဘဏ်မှထုတ်ပေးထားသော ငွေစာရင်း မှတ်တမ်းဖြစ်သည်။ ဘဏ်မှ သတ်မှတ် စည်းကမ်း ချက်များသည် အခါအားလျော်စွာပြောင်းလဲနိုင်ပါသည်။

(၁၂.၂) ငွေစုစာအုပ်သည် သုံးစွဲသူအတွက် အညွှန်းသက်သက်သာဖြစ်သည်။ သုံးစွဲသူ၏ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်းများအတွက် လက်ကျန်ငွေပမာဏကို စာအုပ်ထဲတွင် စာရင်းသွင်းပေးခြင်းဖြစ်ပါသည်။ စာရင်းပိုင်ရှင်သည် မိမိ၏ စာရင်းရေး သွင်းမှုများအတွက် ငွေစုစာအုပ်တွင် ဘဏ်မှ ရိုက်နှိပ်ပေးသည်များကိုစစ်ဆေးအတည်ပြုရန် လိုအပ်ပါသည်။ တစ်စုံတစ်ရာမှားယွင်းသည်ဟု သံသယ ဖြစ်ပါက (၁၄)ရက်အတွင်း ဘဏ်သို့ အကြောင်းကြားရပါမည်။

(၁၂.၃) အထက်တွင်ဖော်ပြထားသော သတ်မှတ်ရက်ကျော်လွန်ပါက Statement ၏ အသေးစိတ်အချက်အလက်များနှင့် ပတ်သတ်၍ စာရင်းပိုင်ရှင်မှ မှားယွင်းမှု တစ်စုံတစ်ရာအတွက် ဘဏ်အားပြင်ဆင်ရန် တောင်းဆိုလာပါကဘဏ်မှဆုံးဖြတ်သော နည်းလမ်းဖြင့် (သို့) ဘဏ်မှဆုံးဖြတ်သော သင့်တော်သော အချိန်တွင် ပြင်ဆင်ရန် တာဝန်ရှိသည်။

## ၁၃။Fixed Deposit Account ( အချိန်ပိုင်းအပ်ငွေ)

(၁၃.၁) ယခုသတ်မှတ်ချက်ပြဋ္ဌာန်းချက်များသည် Fixed Deposit Accounts များအတွက် သာလျှင် အကျုံးဝင်ပါသည်။

(၁၃.၂) Fixed Deposit Account ထဲသို့ ငွေပေးခြင်း၊ ငွေဖြည့်သွင်းခြင်းကို (ဘဏ်မှခွင့်ပြုလျှင်) စာရင်းပိုင်ရှင်၏ အခြားသော အကောင့် အမျိုးအစားများမှ သော်လည်းကောင်း (သို့) အခြားသော တွဲဖက်အကောင့်များမှသော်လည်းကောင်း(သို့) ဘဏ်ရှိ Third Party စာရင်းမှ လည်း ကောင်း၊ (သို့) ဘဏ်မှခွင့်ပြုထားသော အခြားဘဏ်ရှိစာရင်းမှလည်းကောင်း ဆောင်ရွက်နိုင်သည်။

(၁၃.၃) သက်တမ်းအသစ် တိုးခြင်းသည် ပုံမှန်အပ်နှံကာလ အတိုင်း သက်တမ်းပြည့်ရောက်သော အပ်ငွေအတွက် သက်တမ်းအသစ် တိုးခြင်းကိုဆိုလိုသည်။ ပုံမှန်အပ်နှံနိုင်သော ကာလနှင့် အသစ် သက်တမ်းတိုးနိုင်သော ကာလသည် ဘဏ်မှသတ်မှတ်သော သက်တမ်းပြည့်ရောက်သော ကာလကို ဆိုလိုသည်။

(၁၃.၄) Fixed Savings Deposit သည် သက်တမ်းကုန်ဆုံးရက်ရောက်သည့်အခါ သက်တမ်းကုန်ဆုံးမည်။ သက်တမ်းကုန်ဆုံးသည့်အခါ အချိန်ပိုင်းအပ်ငွေစာရင်းသို့ အပ်နှံငွေ ထပ်မံထည့်သွင်းခွင့်ပြုမည်မဟုတ်ပါ။ အပ်နှံငွေထပ်မံထည့်သွင်း ရန်အတွက် သက်တမ်း တိုးရန်လို အပ်ပါမည်။

(၁၃.၅)အဆိုပါပုံသေသတ်မှတ် စုဆောင်းငွေအား သက်တမ်းကုန်ဆုံးရက်မတိုင်မီ အကြောင်းပြချက်အမျိုးမျိုးကြောင့် ရပ်စဲလိုပါက သတ်မှတ်အပ်နှံကာလ အလိုက်ရရှိသော အတိုးနှုန်းရရှိမည်မဟုတ်ဘဲ ဘဏ်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ သတ်မှတ်ကာလ အတွက် သတ်မှတ်သော အတိုးနှုန်းသာ ရရှိမည်ဖြစ်သည်။

(၁၃.၆)သက်တမ်းကာလမစေ့ရောက်မီ စာရင်းပိုင်ရှင်မှ ငွေပြန်လည်ထုတ်ယူခြင်းအတွက် ဘဏ်မှ၎င်းအတွက် ဝန်ဆောင်ခကောက်ခံနိုင်ပြီး အတိုးတွက်ချက်ခြင်းအား ဘဏ်၏ဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်နိုင်သည်။ ဘဏ်၏လုပ်ပိုင်ခွင့်အရ ၎င်းစာရင်းအား စာရင်းပိတ်ခြင်း(သို့) အတိုးရ အခြားစာရင်းတစ်ခုသို့ပြောင်းလဲသတ်မှတ်နိုင်သည်။

(၁၃.၇)ဘဏ်တွင်ငွေစုခြင်း (ငွေသားဖြင့် အပ်နှံသည်ဖြစ်စေ(သို့) ချက်လက်မှတ်ဖြင့် အပ်နှံသည်ဖြစ်စေ) အတွက်ငွေစု လက်မှတ် ထုတ် ပေးပါမည်။ Fixed Deposit Receipt လက်မှတ်သည် ဘဏ်တွင် ငွေအပ်နှံခြင်းအတွက် ထုတ်ပေးသော ငွေစုအထောက် အထားစာရွက်ဖြစ်ပြီး ပေါင်နှံခြင်း၊ အပ်နှံခြင်းအတွက် လုံခြုံစိတ်ချစွာ လက်ခံမရသော စာရွက်စာတမ်းဖြစ်သည်။ စာရင်း ပိုင်ရှင်သည် ငွေစုလက်မှတ် မရရှိခြင်း(သို့) ပျောက်ဆုံးခြင်း(သို့) ခိုးယူခံရခြင်းနှင့် လိမ်ညာရယူခံရခြင်းများဖြစ်ခဲ့သော် ဘဏ်သို့ ချက်ချင်း အကြောင်း ကြားရပါမည်။

(၁၃.၈) အချိန်ပိုင်းအပ်ငွေအပ်နှံခြင်းအား ဘဏ်ဖွင့်ရက်များ ဘဏ်လုပ်ငန်းဆောင်ရွက်သော အချိန်တွင်သာလျှင် လက်ခံဆောင်ရွက် ပေးပါမည်။

(၁၃.၉) အချိန်ပိုင်းအပ်ငွေသည် အပ်နှံကာလတလျှောက် အာမခံချက်ပြည့်ဝပြီး စိတ်ချရသော စုငွေဖြစ်ပြီး သက်တမ်းပြည့်ရောက်ပါက အလိုအလျှောက် သက်တမ်းတိုးနိုင်သော အတိုးခံစားနိုင်သော (သို့) ဘဏ်မှပြောင်းလဲသတ်မှတ်သော အတိုးနှုန်းအား ကာလ အလိုက် အပြည့်အဝရရှိနိုင်သော စုငွေဖြစ်သည်။

(၁၃.၁၀) အချိန်ပိုင်းအပ်ငွေအတိုးနှုန်းသည် ငွေစုလက်မှတ်ပေါ်တွင် ဖော်ပြထားသော အတိုးနှုန်းအတိုင်း အပ်နှံငွေပေါ်တွင် တွက်ချက် ပေးသွား မည်ဖြစ်သည်။ကာလအတိုင်းအပ်နှံသည့် အပ်နှံငွေပေါ်တွင် ရက်ပေါင်း ၃၆၅ရက်ကို အခြေခံပြီး ရက်တွက်ဖြင့်အတိုး တွက်ချက်ပေးပါမည်။ အတိုးနှုန်းနှင့် အတိုးနှုန်းတွက်ချက်မှုသည် ဘဏ်မှ သတ်မှတ်ဆုံးဖြတ်ထား သည့်အတိုင်းသာ တွက်ချက် ပေးမည်။

(၁၃.၁၁)ဘဏ်တွင်ထားသော Fixed Deposit အတွက် ဘဏ်မှ ပျက်ကွက်မှုတစ်စုံတစ်ရာအတွက် စာရင်းပိုင်ရှင်၏ Fixed Depositကာလ အတိုင်း ငွေသားပြန်လည်ထည့်သွင်းပေးပြီး သက်တမ်းကာလစေ့ရောက်သည်အခါတွင်လည်း ရရှိလာသည့် အတိုးအား သက်ဆိုင်ရာ စာရင်းထဲ သို့ထပ်ပေါင်းထည့်သွင်းပေးမည်ဖြစ်ပါသည်။ စာရင်းပိုင်ရှင်သည် သက်တမ်းမစေ့မီ အပ်ငွေများ(တစိတ် တပိုင်း (သို့) အားလုံး) အား ပြန်လည်ထုတ်ယူ၍မရပါ။ အပ်နှံသက်တမ်းကာလပြည့်ရောက်သော နေ့ Fixed Deposit အလိုက် ဘဏ်သို့လုပ်ငန်းဆောင်ရွက်သောနေ့ အနည်းဆုံး(၂)ရက် ကြိုတင်အကြောင်းကြားရမည်ဖြစ်ပြီး ၎င်းအကြောင်းကြားစာ အရ အပ်ငွေအမျိုးအစားအလိုက် သက်တမ်း တိုးခြင်းကို ဘဏ်မှ သတ်မှတ်အတိုးနှုန်းနှင့် အချိန်ကာလအတိုင်း အလိုအလျောက် အသစ်ပြန်လည်ပြုလုပ်ပေးသွား မည်ဖြစ်ပါ သည်။သက်တမ်း ပြည့်သော နေ့ရက်သည် ဘဏ်ပိတ်ရက်ဖြစ်ခဲ့လျှင် စာရင်းပိုင်ရှင်မှ သက်တမ်းပြည့်သောနေ့ရက်မတိုင်မီ ဘဏ်ဖွင့် ရက်တွင် ဘဏ်သို့ အကြောင်းကြား ပေးရန် လိုအပ်သည်။

(၁၃.၁၂)သက်တမ်းအသစ်တိုးခြင်းအတွက် စာရင်းပိုင်ရှင်မှ ဘဏ်သို့အကြောင်းကြားခြင်းမရှိသော်လည်း သက်တမ်းပြည့်သော နေ့တွင် အပ်နှံငွေနှင့်အတူ အပ်နှံကာလအလိုက် သတ်မှတ်အတိုးများအား စာရင်းပိုင်ရှင် ညွှန်ကြားသော စာရင်းသို့ပေါင်းထည့် ပေးမည်ဖြစ်ပါသည်။

(၁၃.၁၃)သက်တမ်းကာလမစေ့ရောက်မီ စာရင်းပိုင်ရှင်မှ ငွေပြန်လည်ထုတ်ယူခြင်းအတွက် ဘဏ်မှ ဆုံးဖြတ်သော နည်းလမ်းများ ကိုလက်ခံရမည်။ ငွေထုတ်ယူခြင်းအား သတ်မှတ်ဝန်ဆောင်ခနှင့် ဆောင်ရွက်ခွင့်ပြုခြင်းအပြင် သက်တမ်းမပြည့်မီ ထုတ်ယူခြင်းအတွက် အပ်ငွေ ပေါ်အတိုးတွက်ချက်ခြင်းကိုမူ ဘဏ်၏ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်နိုင်သည်။

## ၁၄။ဝန်ဆောင်ခများကောက်ခံခြင်း

(၁၄.၁) စာရင်းပိုင်ရှင်မှ ဘဏ်တွင် အောက်ပါအကြောင်းအရာများနှင့် ပတ်သတ်သော Transaction ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်ပေးဆောင်ရမည့်ဝန်ဆောင်ခ၊ ကုန်ကျစရိတ်၊ အခွန်နှင့် ဒဏ်ကြေးများအား ဘဏ်မှ သတ်မှတ်ဖော်ပြ ထားပြီးဖြစ်ရာ Transaction ဆောင်ရွက်မှုတိုင်းအတွက်၄င်းနှင့်သက်ဆိုင်သော အဖိုးအခအပြည့်အဝကို သက်ဆိုင်ရာ စာရင်းမှနုတ်ယူသွားမည်ဖြစ်သည်။

က) ဝန်ဆောင်ခသတ်မှတ်ထားသော ဘဏ်၏မည်သည့် ဝန်ဆောင်မှုကိုမဆို ဆောင်ရွက်ခြင်း။

ခ) စာရင်းဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာသော မည်သည့်အကြောင်းအရာကြောင့်မဆို ပေးရန်ရှိဖြစ်ပေါ်လာခြင်း။

ဂ) ဘဏ်စာရင်းတွင်စာရင်းပိုင်ရှင်ထားရှိရန် သတ်မှတ်ထားသောအနည်းဆုံး ထိန်းသိမ်းရမည့်ငွေပမာဏထက် နည်းလျှင်သော်လည်းကောင်း(သို့)ဘဏ်မှသတ်မှတ်သောကာလအပိုင်းအခြားတစ်ခုထိစာရင်းဆောင်ရွက် မှုမရှိလျှင်သော်လည်းကောင်း ၄င်းတို့နှင့် ပတ်သတ်သော သတ်မှတ်ဝန်ဆောင်ခကို ဘဏ်၏သတ်မှတ်ချက်အတိုင်း စာရင်းပိုင်ရှင်မှ ပေးဆောင်ရန် တာဝန်ရှိသည်။

ဃ) ဘဏ်စာရင်းပိတ်ခြင်းအတွက်လည်းဘဏ်မှသတ်မှတ်ထားသည့်အတိုင်းသတ်မှတ်ဝန်ဆောင်ခကောက်ခံနိုင်ပါသည်။

င) ဘဏ်မှသတ်မှတ်သောဝန်ဆောင်ခသတ်မှတ်ချက်များသည်အခါအားလျော်စွာပြောင်းလဲမှုများရရှိနိုင်ပါသည်။

## ၁၅။အချက်အလက်များကြေငြာခြင်း

(၁၅.၁)ဘဏ်၏ ဝန်ဆောင်မှုများသုံးစွဲရန်အတွက် စာရင်းပိုင်ရှင်နှင့် သက်ဆိုင်သောစာရင်းပိုင်ရှင်၏ အချက်အလက်များကို ဘဏ်ရုံးခွဲများ၊ ဘဏ်၏ကိုယ်စားလှယ်ရုံးများ၊ ဘဏ်နှင့် သက်ဆိုင်သောအဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များနှင့် ၄င်းတို့ထံမှရွေးချယ်ထားသော Third Party အဖွဲ့အစည်းများအား အသိပေးခြင်းကို ခွင့်ပြုပြီးဖြစ်သည်။

(၁၅.၂) မိမိ၏စာရင်းဝန်ဆောင်မှုများအတွက် မိမိစာရင်းအချက်အလက်များကို ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းအတွက်လည်းကောင်း၊ အများပြည်သူအကျိုးစီးပွားအတွက်လည်းကောင်း၊ဥပဒေအရ မဖြစ်မနေလိုအပ်သောကြောင့်သော်လည်းကောင်းသက်ဆိုင်ရာ အာဏာပိုင်များ နှင့် စာရင်းစစ်ကဲ့သို့ တတိယ ပုဂ္ဂိုလ်များထံသို့ဖွင့်ဟ ထုတ်ဖော်ခွင့်ပေးရပါမည်။

## ၁၆။စာရင်းပြောင်းလဲသတ်မှတ်ခြင်း

(၁၆.၁)ဘဏ်သည် ၄င်း၏လုပ်ပိုင်ခွင့်အရ ဘဏ်မှစာရင်းပိုင်ရှင်ဖွင့်ထားသော စာရင်းအား အခြားသင့်လျော်သော စာရင်းတစ်ခုသို့ ပြောင်းလဲ သတ်မှတ်လျှင်သော်လည်းကောင်း၊ အခြားစာရင်းအသစ်တစ်ခုသို့ပြောင်းလဲလျှင်သော်လည်းကောင်း၊ စာရင်းပိုင်ရှင်၏ Bank Statement အား Hard copy (သို့) eMail Statement သို့ပြောင်းလဲခြင်းကိုသော်လည်းကောင်း၊ စာရင်းပိုင်ရှင်သို့အကြောင်းကြားရာတွင် ဘဏ်မှဆုံးဖြတ်သော သင့်လျော်သော နည်းလမ်းဖြင့် အကြောင်းကြား ပေးမည်ဖြစ်သည်။

## ၁၇။စာရင်းခေတ္တရပ်ဆိုင်းခြင်း

(၁၇.၁)ဘဏ်မှသတ်မှတ်ထားသော စည်းကမ်းချက်များအရ မည်သည့်စာရင်းကိုမဆို စာရင်းဆောင်ရွက်မှု တစိတ်တပိုင်းသော်လည်းကောင်း ရပ်ဆိုင်းခြင်း၊ ၎င်းစာရင်းများနှင့် ဆက်စပ်ဆောင်ရွက်သော စာရင်းအားလုံးသော်လည်းကောင်း ရပ်ဆိုင်းခြင်း (Standing Order ပေးထားသော စာရင်းများအပါအဝင်) ကို ဘဏ်မှသတ်မှတ်သော အချိန်ကာလအတိုင်းအတာ တစ်ခုအထိ ရပ်ဆိုင်းနိုင်သည်။

(၁၇.၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကဲ့သို့သော သက်ဆိုင်ရာ အာဏာပိုင်များထံမှ ညွှန်ကြားချက်အရ မည်သည့် အကြောင်းနှင့် ဖြစ်စေ ဤဘဏ်စာရင်း(သို့)ဤဘဏ်စာရင်းနှင့် စပ်လျဉ်းသည့် လုပ်ဆောင်ချက်များနှင့် အချက်အလက်များကို မည်သည့်အချိန်၌မဆို ဘဏ်မှရပ်ဆိုင်းခြင်း(သို့) ဖျက်သိမ်းခြင်းအား သဘောတူခွင့်ပြုရမည်။စာရင်း ဆောင်ရွက်မှုရပ်ဆိုင်း ထားစဉ် ကာလအတွင်း ပေါ်ပေါက် လာသော ဆုံးရှုံးမှု၊ ကုန်ကျစရိတ်စသော ပေးရန်တာဝန်များသည် ဘဏ်နှင့် သက်ဆိုင်မှုမရှိပါ။

## ၁၈။စာရင်းပိတ်ခြင်း

(၁၈.၁)စာရင်းပိတ်ခြင်းအတွက် ဘဏ်မှ (၁၄)ရက်ကြိုတင်၍ (သို့) ဘဏ်မှ သတ်မှတ်သော ကာလအတွင်း အကြောင်းကြား စာပေးပို့ရမည်ဖြစ်သည်။စာရင်းပိုင်ရှင်ကိုယ်တိုင် စာရင်းပိတ်ရန်ဆန္ဒရှိပါက ဘဏ်မှ သတ်မှတ်ထားသော အစီအစဉ်အတိုင်းဘဏ်သို့ အကြောင်းကြား ဆောင်ရွက်နိုင်သည်။ ဘဏ်မှ သတ်မှတ်သော အစီအစဉ်သည် အခါအားလျော်စွာ ပြောင်းလဲမှု ရှိနိုင်ပါသည်။ တစ်ဦးမဟုတ်တစ်ဦး လက်မှတ်ရေးထိုးဆောင်ရွက်နိုင်သော ပူးတွဲစာရင်းအား တစ်ဦးတည်းတောင်းဆိုမှုဖြင့် စာရင်းပိတ်ခြင်းအား ဘဏ်မှလက်ခံဆောင်ရွက်ပေးနိုင်သည်။

(၁၈.၂) စာရင်းပိတ်ခြင်းတွင် အောက်ပါအချက်များထည့်သွင်းစဉ်းစားပြီး ဘဏ်မှ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

- က) ဘဏ်အနေဖြင့်စာရင်းပိုင်ရှင်အား ပြန်လည်ထုတ်ပေးရန် ငွေပမာဏသည် လက်ကျန်စာရင်းရှိ ငွေပမာဏထက် မည်သည့် ငွေပမာဏအား ထုတ်ပေးမည်ကို ဘဏ်မှဆုံးဖြတ်ဆောင်ရွက်မည်။
- ခ) စာရင်းပိုင်ရှင်သည် အသုံးမပြုတော့သော ချက်လက်မှတ်အားလုံးအား ဘဏ်သို့ ပြန်လည်ပေးအပ်ရန်တာဝန်ရှိပြီး ၎င်းနှင့်စပ်ဆက်သော ကုန်ကျစရိတ်များရှိပါက ၎င်းသည် စာရင်းပိုင်ရှင်၏တာဝန်သာဖြစ်သည်။
- ဂ) ဘဏ်မှအောက်ပါအချက်များပေါ်မူတည်ပြီးစာရင်းပိတ်ခြင်းကို စာရင်းပိုင်ရှင်အား အကြောင်းကြားစရာမလိုဘဲစာရင်းပိတ်ဆောင်ရွက်နိုင်သည်။
- ဃ) စာရင်းပိုင်ရှင်သည် ဘဏ်၏ထုတ်ပြန်ထားသော Terms & Conditions များကို မလိုက်နာခြင်း။
- င) သုံးစွဲသူသည် ဒေဝါလီခံရသူဖြစ်ခြင်း။
- စ) သုံးစွဲသူသည် သေဆုံးခြင်း၊ စိတ်ကစဥ့်ကလျားဖြစ်ခြင်း (သို့) မသန်မစွမ်းဖြစ်ခြင်း။
- ဆ) လျှောက်လွှာရှင်သည် အခြားကိစ္စရပ် တစ်ခုတွင်တရားရင်ဆိုင်နေရသူဖြစ်ခြင်း(သို့)ဘဏ်၏ Terms & Conditions အားလိုက်နာရန်ပျက်ကွက်ခြင်း (သို့)ဘဏ်မှဆုံးဖြတ် သတ်မှတ်ထားသောကာလအတွင်းထားရှိရမည့် အနည်းဆုံးလက်ကျန် ပမာဏအောက်နည်းနေခြင်း။

## ၁၉ ။ Dormant Account သတ်မှတ်ခြင်း

(၁၉.၁) ဘဏ်စာရင်းဖွင့်လှစ်ထားသော်လည်း (၁)နှစ်နှင့်အထက် ငွေသွင်း/ငွေထုတ်ဆောင်ရွက်ထားခြင်းမရှိသော ဘဏ်စာရင်းများအား (Inactive or Inoperative Account) များအဖြစ်သတ်မှတ်မည်ဖြစ်သည်။ အဆိုပါ အပ်ငွေစာရင်း(များ)အား စာရင်းဆောင်ရွက်မှုTransaction ရပ်ဆိုင်းခြင်း(ငွေသွင်းငွေထုတ်အပါအဝင် Third Party ငွေပေးချေမှုများပါပါဝင်ပါသည်)၊ အတိုးပေးမှု ရပ်ဆိုင်းခြင်းနှင့် ဝန်ဆောင်ခကောက်ခံခြင်းများပါဝင်လာနိုင်ပါသည်။

(၁၉.၂) ငွေသွင်းငွေထုတ်မရှိသော စာရင်း (Dormant Account) အဖြစ်စတင်သတ်မှတ်သည်နှင့်တပြိုင်နက် ပူးတွဲစာရင်းပိုင်ရှင်(များ) အပါအဝင် သက်ဆိုင်ရာစာရင်းပိုင်ရှင်များသို့ တရားဝင်စာပေးပို့ အကြောင်းကြားမည်ဖြစ်သည်။

(၁၉.၃) အကြောင်းကြားစာပေးပို့ရာတွင် စာရင်းပိုင်ရှင်မှ စာရင်းဖွင့်စဉ်ဘဏ်သို့ပေးထားသော နေရပ်လိပ်စာသို့ ဘဏ်မှ ဆုံးဖြတ်သော သင့်တော်သောနည်းလမ်းဖြင့် အသိပေးအကြောင်းကြားသွားမည်ဖြစ်သည်။

(၁၉.၄) အကြောင်းကြားစဉ်ကာလအတွင်းအတိုးပေးသော အပ်ငွေစာရင်း(များ)အတွက် အတိုးဆက်လက် ရရှိနေမည်ဖြစ်သော်လည်း ဝန်ဆောင်ခနှုတ်ယူခြင်းကိုပါ တပါတည်းဆောင်ရွက်သွားမည်ဖြစ်သည်။

(၁၉.၅) အကြောင်းကြားစဉ်ကာလအတွင်း စာရင်းပိုင်ရှင်မှ မိမိစာရင်းအား ပြန်လည်သုံးစွဲလိုပါက မိမိစာရင်းဖွင့်ထားသော ဘဏ်ခွဲသို့ စာရင်းပိုင်ရှင်ကိုယ်တိုင် လာရောက်အကြောင်းကြားနိုင်ပြီး ဘဏ်၏လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ စာရင်းအား ပြန်လည်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပေးမည် ဖြစ်သည်။

(၁၉.၆) ငွေသွင်း/ငွေထုတ်ဆောင်ရွက်ချက်မရှိသော Dormant Account အတွက် ဘဏ်မှ အသိပေးအကြောင်းကြားသော်လည်း ဘဏ်သို့ပြန်လည်ဆက်သွယ်ဆောင်ရွက်လာခြင်းမရှိသော ဘဏ်စာရင်းအား ဘဏ်၏ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီဘဏ်မှ စာရင်းပိတ်သိမ်းရန် ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိမည်ဖြစ်သည်။

## ၂၀။ တာဝန်လွှဲပြောင်းဆောင်ရွက်ခြင်း

(၂၀.၁) ဘဏ်မှ တစ်စုံတစ်ရာကြိုတင်အကြောင်းကြားခြင်းမရှိဘဲ သုံးစွဲသူအနေဖြင့် မိမိစာရင်းနှင့် ပတ်သတ်သော အချက်အလက်များ (သို့) လုံခြုံမှုဆိုင်ရာ အချက်အလက်များ (သို့) မိမိစာရင်းဆောင်ရွက်မှုများအား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ အသိပေး ဆောင်ရွက်ခြင်း အား ပြုလုပ်ခွင့်မရှိပါ။

## ၂၁။ စာရင်းပိုထုတ်ခြင်း

(၂၁.၁) ဘဏ်မှပြောင်းလဲသတ်မှတ်ချက်များနှင့်ခွင့်ပြုခြင်းမှအပစာရင်းပိုင်ရှင်သည် စာရင်းပိုထုတ်ဆောင်ရွက်ခွင့်မရှိပါ။ Overdrawn ငွေထုတ်မိလျှင် စာရင်းပိုင်ရှင်အနေဖြင့်ဘဏ်သို့ ချက်ချင်းပြန်ပေးရန်တာဝန်ရှိမည်ဖြစ်သည်။ စာရင်းပိုင်ရှင်သည် ငွေထုတ်ယူခြင်းအတွက် ထုတ်ငွေပမာဏပေါ်တွင် အတိုးနှင့် ဝန်ဆောင်ခကိုပါ ပေးရန်တာဝန်ရှိမည်ဖြစ်ပြီး ၄င်းအတိုးတွက် ချက်မှုသည် ဘဏ်၏ဆုံးဖြတ်ချက်နှင့် နေ့စဉ်တွက်ချက်မည်ဖြစ်ပြီး လစဉ် (သို့) ဘဏ်မှဆုံးဖြတ်သော ကာလအတိုင်း ပေးသွင်းရမည်ဖြစ်သည်။

## ၂၂။ ဘဏ်သို့ပေးရန်တာဝန်များ

(၂၂.၁) စာရင်းပိုင်ရှင်သည် Terms & Conditions မှပေါ်ပေါက်လာသော စာရင်းပိုင်ရှင်မှ ပေးရန်ရှိသည်များအားလုံးအတွက် ဘဏ်မှတောင်း ဆိုပါက စာရင်းပိုင်ရှင်သည် ဘဏ်သို့ပေးရန်တာဝန်ရှိသည်။ ပေးရန်တာဝန်ဟုဆိုရာတွင် ဘဏ်သို့ ပေးရန်

ရှိသော ဝန်ဆောင်ခများ၊ ကုန်ကျစရိတ်များ (ဥပဒေရေးရာကုန်ကျစရိတ်အပါအဝင်) စသည်တို့ကို ဆိုလိုပြီး ဘဏ်မှစာရင်းအား ရပ်ဆိုင်းခွင့်/ပိတ်သိမ်းခွင့်အား ခွင့်ပြုသည့်တိုင်အောင် စာရင်းပိုင်ရှင်မှ ပေးရန်ရှိသည်များကို ဘဏ်သို့ အပြည့်အဝ ဆက်လက် ပေးဆောင်ရန် တာဝန်ရှိသည်။

(၂၂.၂) ဘဏ်သည်၎င်း၏ ဝန်ဆောင်ခသတ်မှတ်ချက်များနှင့် ကုန်ကျစရိတ်သတ်မှတ်ချက်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲနိုင်ပြီး ဘဏ်သို့ပေးရန်အခြားသော အသုံးစရိတ်များ (ဥပဒေအရတရားစွဲဆိုသော ကုန်ကျစရိတ်လျော်ကြေးငွေများအပါအဝင်) အခွန်အခများနှင့် လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်များ၊ ဝန်ဆောင်ခများ၊ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်အောက်မှ ဥပဒေနှင့်အညီချမှတ်ထားအခွန်အခများ၊ ဥပဒေအရပေးရသောဒဏ်ကြေးငွေများ (သို့) ပေးချေရန် လိုအပ်သော နောက်ကျကြေးများ တောင်းခံခြင်းကို စာရင်းပိုင်ရှင်သို့ ၂၁ရက်ကြိုတင်အကြောင်းကြားရန်သတ်မှတ်ထားသည်။၎င်းပေးပို့တောင်းဆိုသောဘဏ်သို့ပေးရန်ကိစ္စရပ်များအတွက်စာရင်းပိုင်ရှင်သည် မည့်သည့် အချိန်တွင်မဆို မိမိစာရင်းမှ နုတ်ယူခြင်းကို ဘဏ်အားခွင့်ပြုရမည်။

(၂၂.၃) စာရင်းပိုင်ရှင်အနေဖြင့် ဘဏ်အားပေးရန်ရှိသော ဝန်ဆောင်ခများအား ပေးရန်တာဝန်ရှိပြီး ပေးရန်အတွက် သတ်မှတ် ကာလ ထက်ကျော်လွန်ပျက်ကွက်ပါက ဝန်ဆောင်ခအပေါ်တွင် အတိုးနှုန်းတွက်ချက်ကောက်ခံနိုင်ပြီး ၎င်းအပေါ်တွင်ပေးရန် တာဝန်ရှိသည်။ဝန်ဆောင်ခများနှင့် အတိုးနှုန်းများသည် ပြောင်းလဲမှုများရှိနိုင်ပါသည်။

(၂၂.၄) စာရင်းပိုင်ရှင်အနေဖြင့် ဘဏ်မှသတ်မှတ်သော ပေးရန်ရှိသော အဖိုးအခအားလုံးတွင် သတ်မှတ်ထားသော ဝန်ဆောင်ခများ အပါအဝင် တံဆိပ်ခေါင်းဖိုး၊ အခြားအခွန်အခများနှင့် ထပ်မံပေးသွင်းရန်လိုအပ်လာနိုင်သော အခွန်အခများကိုပါ ဆိုလိုခြင်း ဖြစ်ပြီး ဘဏ်သို့ သတ်မှတ် ကာလအတွင်း အပြည့်အဝပေးသွင်းရန်တာဝန်ရှိသည်။

(၂၂.၅) ဘဏ်မှ စာရင်းပိုင်ရှင်ပေးရန်ငွေပမာဏကို စာရင်းမှနုတ်ယူခွင့်ရှိပါက စာရင်းပိုင်ရှင်အနေဖြင့် ဘဏ်အား စာရင်းမှ နုတ်ယူနိုင်ရန်နှင့် ပေးရန်ရှိပမာဏကို ထိန်းသိမ်းထားခွင့်ပြုရမည်။

(၂၂.၆) ဘဏ်အနေဖြင့်စာရင်းပိုင်ရှင်၏မည်သည့်စာရင်းမဆိုရရှိသော Currency အလိုက် ဘဏ်မှ သတ်မှတ်သော နှုန်းဖြင့်တွက်ချက် ကောက်ခံမည်ဖြစ်ပြီး ၎င်းတွက်ချက်မှုအတိုင်းစာရင်းပိုင်ရှင်မှကျခံရမည်။

## ၂၃။ ပေးသွင်းမှုအာမခံ

(၂၃.၁) စာရင်းပိုင်ရှင်မှ ဘဏ်သို့ပေးရန်ရှိသည်များအားလုံးအတွက် စာရင်းပိုင်ရှင်အနေဖြင့် ဘဏ်သို့ ချေးငွေယူရန်အတွက်ဖြစ်စေ၊ လုံခြုံမှုအတွက် ဖြစ်စေအပ်နှံထားသောစာရင်း (များ) (တစ်ဦးချင်း/ပူးတွဲအပါအဝင်)၊ ချေးငွေသက်သေခံလက်မှတ်များ၊ အာမခံပစ္စည်းများစသည်ဖြင့် ဘဏ်တွင်အပ်နှံထားသောငွေသားများအပါအဝင် အပ်နှံပစ္စည်းအားလုံးအား ဘဏ်မှထိန်းသိမ်းထားနိုင်သော အခွင့်အာဏာရှိပြီး ဘဏ်သို့ပေးရန်ရှိအားလုံးစာရင်းပိုင်ရှင်မှ အကြေအပြေပေးချေပြီးသည်အထိ ဘဏ်မှ ထိန်းသိမ်းထားနိုင်သည်။

## ၂၄။ ပေးသွင်းရန်ပျက်ကွက်ခြင်း

(၂၄.၁) ပေးချေရန် ပျက်ကွက်လျှင်၊ စာရင်းပိုင်ရှင်အပ်နှံငွေစာရင်း(သို့) အပ်နှံပစ္စည်းများပေါ်တွင် စာရင်းပိုင်ရှင်မှ ပေးချေရန်ရှိသော ငွေပမာဏအား စာရင်းပိုင်ရှင်ထံသို့ အကြောင်းကြားခြင်းမရှိဘဲခုနှိမ်ခြင်း၊ နုတ်ယူခြင်းဆောင်ရွက်နိုင်သည်။

(၂၄.၂) ထိုသို့ဆောင်ရွက်သော အခြေအနေတွင်စာရင်းပိုင်ရှင် စာရင်းတွင်လိုငွေဖြစ်ပေါ်လာပါက ၄င်းပေးရန်လိုငွေပမာဏပေါ်တွင် ကာလအလိုက်အတိုးတွက်ချက်မည်ဖြစ်ပြီး ချေးငွေအပြေအကြေပြီးမြောက်သည်အထိ အတိုးထပ်မံကောက်ခံဆောင်ရွက်သွားမည်ဖြစ်သည်။

## ၂၅။ ထိန်းသိမ်းထားရှိခြင်း

(၂၅.၁) စာရင်းပိုင်ရှင်၏ အချိန်ပိုင်းအပ်ငွေ စာရင်းအပါအဝင် သက်ဆိုင်ရာစာရင်းများအား ပေးရန်ရှိပမာဏအတွက် Collateral (အာမခံ)အဖြစ်ဘဏ်မှ ထိန်းသိမ်းထားမည်ဖြစ်သည်။

(၂၅.၂) စာရင်းပိုင်ရှင်ပေးရန်ကျန်ရှိနေသော ငွေပမာဏအတွက် ဘဏ်မှစာရင်းအားလုံးအား တပေါင်းတည်းပြုလုပ်ခြင်းကို စာရင်းပိုင်ရှင်အား အကြောင်းကြားခြင်းမရှိဘဲဆောင်ရွက်နိုင်သည်။

(၂၅.၃) စာရင်းပိုင်ရှင်သည် အောက်ပါအချက်အလက်များထဲမှ တစ်စုံတစ်ခုဖြစ်ပေါ်ဆောင်ရွက်ပါက စာရင်းပိုင်ရှင်စာရင်းရှိငွေပမာဏအားလုံးအားထိန်းသိမ်းသွားမည်ဖြစ်သည်။

က) ဘဏ်သို့ချေးငွေများအားလုံးပေးသွင်းရန် ပျက်ကွက်ခြင်း။

ခ) စာရင်းပိုင်ရှင်သည် အခြားသူတစ်ဦး၏တရားစွဲဆို ခံရခြင်း။

ဂ) စာရင်းပိုင်ရှင်သေဆုံးခြင်း၊ ဉာဏ်ရည်မမှီခြင်း၊ ဒေဝါလီခံရခြင်း (သို့) receivership

ဃ) စာရင်းပိုင်ရှင် အတွက် တရားရုံးမှကြွေးတောင်းစာရရှိခြင်း

င) စာရင်းပိုင်ရှင်သည် ဘဏ်မှ သတ်မှတ်ထားသော စည်းကမ်းချက်များထဲမှ တစ်ခု(သို့) တစ်ခုထက်ပို၍ ဖောက်ဖျက်ခြင်း။

(၂၅.၄) စာရင်းပိုင်ရှင်ပေးရန်ရှိငွေအတွက် စာရင်းပိုင်ရှင်၏ စာရင်းအားလုံးငွေလက်ကျန်ဟုဆိုရာတွင် နိုင်ငံတွင်းရှိ CB BANK ဘဏ်ခွဲများအားလုံးရှိစာရင်းအားလုံးအပါအဝင် နိုင်ငံပြင်ပရှိ CB BANK စာရင်းများကိုဆိုလိုခြင်းဖြစ်သည်။ ဘဏ်အနေဖြင့် နိုင်ငံခြားငွေကို ဝယ်ယူသည့်နေ့ရှိနှုန်းထားနှင့် ဝယ်ယူခွင့်ရှိသည်။

(၂၅.၅) ကြွေးပေးသွင်းရမည့်သူသည် Joint Account ပိုင်ရှင်(များ)မှ အားလုံးမဟုတ်သော်လည်း Joint Account စာရင်းပိုင်ရှင်အားလုံးနှင့် သက်ဆိုင် သည်ဟုယူဆပြီး ၄င်းစာရင်းအား ဘဏ်မှထိန်းသိမ်းထားခွင့်ရှိသည်။

## ၂၆။ ကင်းလွတ်ခွင့်

(၂၆.၁) ဘဏ်၏ပေါ့ဆမှုနှင့် တမင်တကာဖန်တီးသော ကိစ္စရပ်များမှအပ မည်သည့်ဆုံးရှုံးနစ်နာမှုမဆို ဘဏ်(သို့)ဘဏ်ဝန်ထမ်းများ၊ ဘဏ်၏လုပ်ပိုင်ခွင့်ရှိသူများ၊ ဘဏ်၏ကိုယ်စားလှယ်များတွင် မည်သည့်တာဝန်မှ ရှိမည်မဟုတ်ပါ။

(၂၆.၂) အထက်ဖော်ပြပါ အခြေအနေများသာမက စာရင်းပိုင်ရှင်မှ အောက်ပါအကြောင်းအရာများနှင့် ဆက်စပ်ဖြစ်ပေါ် လာသော မည်သည့် ဆုံးရှုံးနစ်နာမှု ကြောင့်မဆိုဖြစ်ပေါ်လာသော ကုန်ကျစရိတ်၊ ပေးရန်ရှိကိစ္စရပ်များအတွက် ဘဏ်တွင် တာဝန်ရှိမည်မဟုတ်ပါ။ ဘဏ်သည် စာရင်းပိုင်ရှင်အတွက် ကောင်းသော စိတ်ဆန္ဒဖြင့် ညွှန်ကြားချက် အားဆောင်ရွက်ရန် ငြင်းပယ်ခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဘဏ်၏ထိန်းချုပ်မှုဖြင့်စာရင်း ဆောင်ရွက်မှုကကန့်သတ်ခြင်း (သို့) အခြားနည်းလမ်းတစ်ခုခုဖြင့်ဆောင်ရွက်ခြင်း၊ ကြားခံဆက်သွယ်ရေးတဆင့်ခံကြောင့်ပေးပို့ဆောင်ရွက်မှု ကြန့်ကြာခြင်း၊ ပြတ်တောက်ခြင်းတို့

ကြောင့် တစ်စုံတစ်ရာဆုံးရှုံးခြင်း၊ ဘဏ်၏လုပ်ပိုင်ခွင့်ထက်ကျော်လွန်၍ စာရင်းပိုင်ရှင်ပေးရန်ရှိသောအခွန် များကြောင့်လည်းကောင်း၊ တန်ဖိုးလျော့ခြင်းကြောင့်လည်းကောင်း (သို့)ဘဏ်အားဖိအားပေးခြင်း(သို့) စစ်ပွဲ(သို့)အစိုးရအမိန့် အာဏာဖြင့်သော်လည်းကောင်းစာရင်းအား ငွေသွင်းငွေထုတ်ဆောင်ရွက်ခြင်း(သို့) ငွေသွင်းငွေထုတ်ကန့်သတ်ခြင်းစသော ဖိအားပေးဆောင်ရွက်မှုများကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်လာခြင်း၊ ချက်လက်မှတ် ပျောက်ဆုံးခြင်း နှင့်အခြားဆက်စပ်သော ကိစ္စဖြစ်ပေါ်မှုများဖြစ်ပေါ်လာခြင်း၊ သုံးစွဲသူ၏လက်မှတ်မှန်ကန်ခြင်းရှိ/မရှိ အားဘဏ်မှ စစ်ဆေးရာတွင်အားနည်းချက်များ ပိုမိုဖြစ်ပေါ်လာခြင်း၊စာရင်းပိုင်ရှင်၏ပေါ့ဆမှု၊ မှားယွင်းမှု(သို့) လက်မခံနိုင်သော အခြေအနေများပိုမိုဖြစ်ပေါ်လာခြင်း၊ ဘဏ်မှ အသုံးပြုသော မိတ်ဖက်ပါတီများ၊ ကိုယ်စားလှယ်များ၏ ပေါ့ဆမှုကြောင့် မှားယွင်းမှု၊တမင်တကာမှားယွင်း ဆောင်ရွက်မှု၊ ပေါ့လျော့စွာ ဆောင်ရွက်မှုတို့ကြောင့် ဆုံးရှုံးမှုဖြစ်ပေါ်လာခြင်း၊ ဘဏ်၏ မှားယွင်းမှုကြောင့်မဟုတ်ဘဲ စာရင်းပိုင်ရှင်ပေါ့ဆမှု မှားယွင်းမှုကြောင့် ဖြစ်ပေါ်ဆုံးရှုံးမှုအတွက် ဘဏ်တွင်တာဝန်ရှိမည် မဟုတ်ပါ။

(၂၆.၃) ချက်အတုပြုလုပ်ခြင်းနှင့် အတုအစစ်ခွဲခြားရန်ခက်ခဲသော အထူးပြုလုပ်ထားသောချက်များကြောင့်သော်လည်းကောင်း၊ စာရင်းပိုင်ရှင်၏ ပေါ့လျော့မှုကြောင့်ဖြစ်ပေါ်လာသောဆုံးရှုံးမှုသည်လည်းကောင်း၊ စာရင်းပိုင်ရှင်လက်မှတ်မှန်ကန်သော ကြောင့်ဘဏ်မှထုတ်ပေးသောကိစ္စရပ်များတွင်ဖြစ်ပေါ်လာသောဆုံးရှုံးမှုသည်လည်းကောင်း၊ဘဏ်မှသက်ဆိုင်ခြင်းမရှိပါ။

(၂၆.၄) နိုင်ငံခြားအပ်ငွေများတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများကြောင့် အကျိုးသက်ရောက်မှုများရရှိနိုင်ပါသည်။ အထူးသဖြင့် စာရင်းပိုင်ရှင်ရွေးချယ်ထားသည့်နိုင်ငံခြားငွေအမျိုးအစားနှင့် ဆက်စပ်လျှက်ရှိသော နိုင်ငံခြားငွေကြေးနှုန်းထားကျဆင်းလာခြင်း ကြောင့် စာရင်းပိုင်ရှင်၏ နိုင်ငံခြားငွေအမျိုးအစားအလိုက် အပ်ငွေစုဆောင်းခြင်းတို့တွင် ပြန်ရနှုန်းလျော့ကျလာစေနိုင်ပါသည်။

(၂၆.၅) စာရင်းပိုင်ရှင်၏ စာရင်းတွင် ငွေသွင်းငွေထုတ် Transaction ဆောင်ရွက်မှုများသည် စာရင်းပိုင်ရှင်၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်း(သို့) အခွန်ဖြတ်တောက်ခြင်း (သို့) အထိကရုဏ်း/ စစ်ပွဲ(သို့) အစိုးရ/ အခွင့်အာဏာရှိသူ (သို့) ဗဟိုဘဏ်၏အမိန့် အာဏာဖြင့်ဆောင်ရွက်စေခြင်းတို့ကြောင့် စာရင်းပိုင်ရှင်စာရင်းတွင် ငွေသားလျော့နည်းခြင်း / ပိုလျှံခြင်းများ ဖြစ်ပေါ်လာခြင်းသည် ဘဏ်၏ထိန်းချုပ်မှုမပါဘဲ ကျော်လွန်၍ ပြုလုပ်ခြင်းများဖြစ် သောကြောင့်ဖြစ်ပေါ်သော အကျိုးဆက်များအတွက် ဘဏ်တွင် တာဝန်ရှိလိမ့်မည်မဟုတ်ပါ။

## ၂၇။ **လျော်ကြေးတာဝန်များ**

(၂၇.၁) စာရင်းပိုင်ရှင်အနေဖြင့် ဘဏ်၏အရာရှိ၊ ဝန်ထမ်း၊ ဘဏ်မှတာဝန်ပေးထားသူများ၊ ဘဏ်၏ကိုယ်စားလှယ်များအား စာရင်းဆောင်ရွက်မှုများ အားလုံးအတွက် တာဝန်ပေးအပ်ထားသည်ဖြစ်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရသော Transaction ကိစ္စရပ်များ အပါအဝင် ၎င်းဆောင်ရွက်မှုများနှင့် ဆက်စပ်ပေါ်ပေါက် လာသော အငြင်းပွားမှု(သို့) ဖိအားပေးခိုင်စေမှုများကြောင့်ပေါ်ပေါက်လာသော ပျက်စီးဆုံးရှုံးမှု၊ ကုန်ကျစရိတ်များအတွက် စာရင်းပိုင်ရှင်တွင် သာပေးလျော်ရန်တာဝန်ရှိသည်။ Terms & Conditions တွင် ပါဝင်သော အချက်များ အပါအဝင် Transaction ဆောင်ရွက်မှုတိုင်းတွင် အောက်ပါ အချက်များလည်း အကျုံးဝင်သည်။

က) ဘဏ်မှ Customer သို့ဆောင်ရွက်ပေးသော မည်သည့်ဝန်ဆောင်မှုကို မဆို ဆောင်ရွက်ခြင်းတွင်လည်းကောင်း Customer ၏တောင်း ဆိုမှုအရ ငွေပေးချေမှုဆိုင်ရာ စာရွက်စာတမ်းများ (ချက်လက်မှတ်၊ Bill of Exchange ၊ Bank Draft များနှင့် အခြားငွေကြေးစာချုပ်စာတမ်းများ စသော)အတွက် ဘဏ်မှ CollectionBank အဖြစ် အာမခံဆောင်ရွက်ရာ တွင်လည်းကောင်း စာရင်းပိုင်ရှင် Customer ကိုယ်တိုင် (သို့) စာရင်းပိုင်ရှင်မှ အခွင့်အာဏာလွှဲအပ်ခြင်းခံရသူ၏ ညွှန်ကြားချက်များအပေါ်တွင် ဘဏ်သည်ကောင်းသောစိတ်စေတနာဖြင့် စာရင်းပိုင်ရှင်ညွှန်ကြား

ချက်အားမှန်ကန်သည်ဟု မှတ်ယူကာဘဏ်မှ ဆောင်ရွက်ခြင်း (သို့)ညွှန်ကြားချက်ရချိန် တွင်ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ် ကြောင့်လည်းကောင်း၊ Electronic Transaction သဘောသဘာဝကြောင့်လည်းကောင်း၊ ညွှန်ကြားချက်သည် နားလည်မှု လွဲမှားစေသော (သို့)မှန်ကန်မှု မရှိဟုယူဆလျှင်သော်လည်းကောင်း၊ ဘဏ်၏ တာဝန်ကို ချိုးဖောက်နိုင်သည်ဟုယူဆလျှင် သော်လည်းကောင်း ဆောင်ရွက်ရန်ငြင်း ပယ်ခြင်းကိစ္စရပ်များတွင်လည်းကောင်း၊ ဘဏ်မှတောင်းဆိုသောအခါ ဘဏ်သို့ ပေးရန်ရှိသော (ထည့်ပေါင်းအတိုးများ အပါအဝင်) ငွေပမာဏအား စာရင်းပိုင်ရှင် Customer အနေဖြင့် ပေးသွင်းရန် ပျက်ကွက်ခြင်း။

ခ) စာရင်းပိုင်ရှင်သည် စည်းကမ်းသတ်မှတ်ချက်များထဲမှ အကြောင်းအရာတစ်ခု (သို့) တစ်ခုထက်ပို၍ ဖောက်ဖျက်ကျူးလွန်ခြင်း။

ဂ) ဘဏ်၏လုပ်ပိုင်ခွင့်အရ ဘဏ်၏ ဝန်ဆောင်မှုဆိုင်ရာ Terms & Conditions များအား ပြောင်းလဲပြင်ဆင်ခြင်း။

ဃ) ဘဏ်မှ အသုံးပြုသော စနစ်များ (သို့) ဆက်သွယ်ရေးနည်းလမ်းများအသုံးပြုပြီး Customer ၏ ညွှန်ကြားချက်များအား ဆောင်ရွက်စဉ် ဖြစ်ပေါ်လာသော ကြန့်ကြာခြင်း၊ မှားယွင်းခြင်းများဖြစ်ပေါ်ခြင်း။

င) ချက်စာအုပ်၊ ချက်လက်မှတ်၊ Passbook ၊ Card ၊ အချိန်ပိုင်းအပ်လက်မှတ်၊ လျှို့ဝှက်နံပါတ်(သို့) အကြောင်းကြားစာ၊ (သို့) Accountနှင့် ဆက်စပ်သော အသိအမှတ်ပြု ကုတ်နံပါတ်များ ပျောက်ဆုံး၊ ပျက်စီး၊ ခိုးယူခံရခြင်း(သို့) အသစ်ပြန်လည်ထုတ် ပေးရခြင်း။

## ၂၈။ ဘဏ်၏တာဝန်ဝတ္တရားများ

(၂၈.၁) တားမြစ်ထားသောငွေလဲလှယ်မှု၊ လွှဲပြောင်းမှု၊ သိမ်းယူမှု၊ အစိုးရဥပဒေများ၊ အမိန့်များ၊ အမိန့်ဒီဂရီများနှင့် လုပ်ထုံးလုပ်နည်းများ၊ အတင်းအဓမ္မလွှဲပြောင်းခြင်း၊ တပ်မတော်ဥပဒေနှင့် မကင်းလွတ်မှုများ၊ ပြည်တွင်းစစ်(သို့) အများပြည်သူ ပဋိပက္ခများ၊ ငွေကြေးအဖွဲ့အစည်းများ၏ပြင်ဆင်ပြောင်းလဲမှုများ၊ငွေလဲလှယ်မှု(သို့) ဘဏ်၏ ပြောင်းလဲ သတ်မှတ်မှုတစ်စုံတစ်ရာကြောင့် ဘဏ်မှပေးရန်ဖြစ်ပေါ်လာသောအခြေအနေတွင် ဘဏ်တွင် အပ်နှံထားသောမည်သည့်ငွေကြေး အမျိုးအစားမဆိုဘဏ်မှ ဆုံးဖြတ်သော ငွေကြေးအမျိုးအစားနှင့်သာ ဘဏ်မှပြန်လည် ပေးရန်ဆုံးဖြတ်နိုင်သည်။

## ၂၉။ ဆက်သွယ်ရေးအချက်အလက်များပြင်ဆင်ခြင်း

(၂၉.၁) စာရင်းပိုင်ရှင်သည် မိမိ၏အချက်အလက်များပြောင်းလဲလိုပါက ဘဏ်သို့ စာဖြင့်ရေးသား (ဘဏ်မှအခါအားလျော်စွာ ပြောင်းလဲသဘောတူလက်ခံထားသော နည်းလမ်းများဖြင့်)ပေးပို့အကြောင်းကြားရပါမည်။

(၂၉.၂) မည်သည့်စာရင်းရှင်းတမ်းမဆို၊ အကြံပေးစာ၊ သဘောတူညီမှု၊ သတိပေးမှု၊ တောင်းဆိုမှု နှင့် အလားတူအကြောင်းကြားသော ကိစ္စရပ်များအတွက် Terms & Conditions စည်းကမ်းသတ်မှတ်ချက်များ ဘောင်အတွင်းမှသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။(က) တစ်ဦးတည်းစာရင်းပိုင်ရှင်အတွက် တစ်ဦးတည်းပေါ်တွင်လည်းကောင်း (သို့) တွဲဖက်စာရင်းအတွက် တွဲဖက်ပုဂ္ဂိုလ်(များ) (သို့)ကိုယ်စားလှယ်ကိုသော်လည်းကောင်း၊ စာရင်းပိုင်ရှင် (သို့) စာရင်းပိုင်ရှင်ကိုယ်စားလှယ်သို့လည်းကောင်း အထက်ဖော်ပြပါ အကြောင်းကြားစာများအားပေးပို့ရာတွင် ဘဏ်တွင် စာရင်းပိုင်ရှင် နောက်ဆုံးမှတ်ပုံတင်ထားသော လိပ်စာကိုသာပေးပို့ပမည်။Telex (သို့) Fax မိတ္တူများဖြင့် ပေးပို့ရာတွင် သုံးစွဲသူ၏ ဘဏ်တွင် နောက်ဆုံးမှတ်ပုံတင်ထားသော Telex no. (သို့) Fax no.သို့ သာပေးပို့ပါမည်။

(၂၉.၃) အခြားဆက်သွယ်ဆောင်ရွက်မှုဟုဆိုရာတွင် ဘဏ်မှဆုံးဖြတ်သော နည်းလမ်း (Website, ဘဏ်ခွဲများနှင့် Electronic Media စသဖြင့်)များမှ တဆင့်အသိပေးဆောင်ရွက်မည်။

(၂၉.၄) အကြောင်းကြားစာကို (က) စာရင်းပိုင်ရှင်ထံ Telex (သို့) Fax ပေးပို့သည့်နေ့ (ခ) စာတိုက်မှတဆင့် ပေးပို့ပါက၊ စာတိုက်တွင် စာထည့်လိုက်သောနေ့ (သို့) (ဂ) ရုပ်သံ/သတင်းစာ/ဂျာနယ်များမှ တဆင့် အများပြည်သူအား အသိပေးသည့်နေ့သည် စာရင်းပိုင်ရှင်ထံ ပေးပို့ရောက်ရှိပြီးလက်ခံရရှိသည်ဟု မှတ်ယူမည်။ အကြောင်းကြားစာလက်ခံသူမဲ့ဖြင့် ဘဏ်သို့ပြန်လည်ရောက်ရှိလာသော်လည်း ဘဏ်၏အကြောင်းကြားသတိပေးမှုများ ကိုစာရင်းပိုင်ရှင်မှသိရှိပြီးဟုမှတ်ယူပါမည်။ စာရင်ပိုင်ရှင်မှ ဆက်သွယ်ရန်လိပ်စာသစ်ပြောင်းလဲသည်အထိ အကြောင်းကြားစာပေးပို့ခြင်းကို ဘဏ်မှရပ်ဆိုင်းထားမည်။ တွဲဖက်စာရင်းများအတွက် Customer တစ်ဦး တစ်ယောက်အား အကြောင်းကြားစာပို့ပြီး သည်နှင့် စာရင်းပိုင်ရှင်အားလုံးသိရှိရရှိပြီးကြောင်း မှတ်ယူ ရမည်ဖြစ်သည်။

## ၃၀။အချက်အလက်များပြင်ဆင်ခြင်းအား အသိပေးခြင်း

(၃၀.၁) ဘဏ်မှ ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ရေးသားဖော်ပြထားသော သတိပေးစာ စည်းကမ်းသတ်မှတ်ချက်များ အချိန်မရွေး တစ်ကြိမ်(သို့)တစ်ကြိမ်ထက်ပို၍ ပြောင်းလဲပြင်ဆင်ပိုင်ခွင့်ရှိပါသည်။ အဆိုပါပြောင်းလဲမှုသည် အသိပေးစာတွင်ဖော်ပြထားသောနေ့တွင် စတင်သက်ရောက်ပါမည်။ ပြောင်းလဲမည့်အကြောင်းအရာသည် ရက်(၃၀)ထက်နောက်မကျစေဘဲ Customer များသို့ အသိပေးကြေညာမည်ဖြစ်သည်။ ပြောင်းလဲပြင်ဆင်ခြင်း ဟုဆိုရာ တွင်ပိုမိုရှင်းလင်းစေရန် ရည်ရွယ်ပြီး ဆောင်ရွက်မှုပုံစံပြောင်းလဲခြင်း၊ဝန်ဆောင်မှု အသစ်များ အတွက်စည်းကမ်းသတ်မှတ် ချက်များ ထပ်မံ ပေါင်းထည့်ခြင်း (သို့) အခြေအနေ အချိန်အခါအရ ပြောင်းလဲဆောင်ရွက်ရသောကိစ္စရပ်များ ထပ်ပေါင်းထည့်ခြင်းတို့ပါဝင်ပြီး ပြောင်းလဲပြင်ဆင်မှုများ ဆောင်ရွက်ရန်အတွက် ဘဏ်မှစာရင်းပိုင်ရှင်အား ကြိုတင်အကြောင်းကြားရန် တာဝန်မရှိပါ။ Customer သည် သတိပေးစာရရှိပြီး မိမိ စာရင်းအား ဆက်လက်ဆောင် ရွက်နိုင်ပြီးပြင်ဆင်ဖြည့်စွက်ချက်များအား လက်ခံသဘောတူညီပြီ ဟုမှတ်ယူပါမည်။ စာရင်းပိုင်ရှင်မှ ပြင်ဆင်ဖြည့်စွက်ချက်များ အားလက်မခံပါက စာရင်း ဆောင်ရွက်မှုများ ချက်ချင်းရပ်စဲခြင်းနှင့် စာရင်းပိတ်ခြင်း တို့ကို ဆောင်ရွက်ပေးရန် ဘဏ်သို့ ညွှန်ကြားနိုင်ပါသည်။

(၃၀.၂) ဘဏ်မှစာရင်းပိုင်ရှင်အား စည်းကမ်းသတ်မှတ်ချက်များ၏ တစ်စုံတစ်ရာပြောင်းလဲမှုရှိသည်နှင့် အောက်ပါအတိုင်း အသိပေးစာပေးပို့ပါမည်။စာရင်းပိုင်ရှင်၏ ဘဏ်စာရင်းရှင်းတမ်း (AccountStatement) တွင်ပြောင်းလဲဆောင်ရွက်မှုများ အတွက်အသိပေးအကြောင်းကြားစာထည့်သွင်းခြင်းဖြင့်လည်းကောင်း၊ ဘဏ်၏ဘဏ်ခွဲများ(သို့) ATM စက်များတွင် ဖော်ပြခြင်းဖြင့်လည်းကောင်း၊ ဘဏ်၏websiteတွင်ဖော်ပြခြင်းဖြင့်လည်းကောင်း၊ Email (သို့) စာဖြင့် လည်းကောင်း၊ သတင်းစာများတွင် ကြော်ငြာထည့်သွင်း ခြင်းအားဖြင့်လည်းကောင်း(သို့)ဘဏ်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ သင့်တော်သည်ဟုယူဆသော ဆက်သွယ်ရေးနည်းလမ်းများနှင့် အသိပေးသွားမည်ဖြစ်သည်။ ထို့အတူ ဘဏ်၏ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်အရဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၏ မည်သည့်စာရင်းဆောင်ရွက်မှုကိုမဆို ဘဏ်မရပ်ဆိုင်းနိုင်ပြီးရပ်ဆိုင်းခြင်းကို စာရင်းပိုင်ရှင်ထံအကြောင်းကြားမည်။အဆိုပါရပ်ဆိုင်းမှုအတွက် ရက်(၃၀)ထက် နောက်မကျစေဘဲ အကြောင်းကြား ပေးမည်ဖြစ်ပြီး ရပ်ဆိုင်းမှုသည် အကြောင်းကြား စာတွင်ပါသောနေ့ရက် တွင် စတင်အကျိုးသက်ရောက် မည် ဖြစ်ပါသည်။

## ၃၁။ဝန်ဆောင်မှုပေးခြင်း

(၃၁.၁) ဘဏ်အနေဖြင့် ထုတ်ပြန်ထားသော Terms & Conditions အောက်တွင် ဘဏ်၏ မည်သည့်ဝန်ဆောင်မှုကိုမဆို ဆောင်ရွက်နေသောCustomer အားလုံး၏ ဘဏ်စာရင်းဆောင်ရွက်မှုအားလုံးအား ကြန့်ကြာနှောင့်နှေးမှုမရှိစေဘဲမည်သည့်ဆုံးရှုံးနစ်နာမှု မရှိစေရန် ဘဏ်မှ Customer ၏ ညွှန်ကြားချက်အတိုင်းဆောင်ရွက်ပေးမည်။

## ၃၂။ အကျိုးခံစားပိုင်ခွင့်

(၃၂.၁) စာရင်းပိုင်ရှင်သေဆုံးသည့်အခါ အကျိုးခံစားခွင့်လွှဲအပ်ထားသူကိုသာ ငွေထုတ်ပေးပါမည်။ ယင်းကိစ္စနှင့် ပတ်သက်၍ မည်သည့်ကန့်ကွက်ချက်ကိုမျှ ဘဏ်ကလက်ခံစဉ်းစားမည်မဟုတ်ပါ။

(၃၂.၂) အကျိုးခံစားခွင့်လွှဲအပ်ထားခြင်းမရှိသော စာရင်းပိုင်ရှင်သေဆုံးပါက စုငွေလက်ကျန်ကို အမွေထိန်းစာလက်မှတ်(သို့မဟုတ်) အမွေဆက်ခံခွင့်လက်မှတ် တင်ပြရန်မလိုဘဲ ဘဏ်မှသတ်မှတ်ထားသည့် လိုအပ်သည့် စာရွက်စာတမ်းများတင်ပြနိုင်သူ ဇနီး၊ခင်ပွန်း၊သားသမီး၊တရားဝင်မွေးစားထားသော သားသမီး(သို့မဟုတ်) ယင်းတို့မရှိလျှင်မြေး (သို့မဟုတ်) ယင်းတို့မရှိလျှင် မိဘ၊ညီအစ်ကို၊မောင်နှမအားထုတ်ပေးပါမည်။

## ၃၃။ အငြင်းပွားမှုများနှင့် စုံစမ်းစစ်ဆေးခြင်း။

(၃၃.၁) အငြင်းပွားမှုအတွက် စုံစမ်းစစ်ဆေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်မည်။

က) Customerသည် အငြင်းပွားမှု/မှားယွင်းမှု တစ်စုံတစ်ရာအတွက် စုံစမ်းစစ်ဆေးစေလိုပါက စာရင်းပိုင်ရှင်အမည်၊ စာရင်းအမှတ်၊ သံသယဖြစ်သော Transaction နှင့် ငွေပမာဏကို ထိန်ချန်ခြင်းမရှိဘဲ ဘဏ်သို့အကြောင်းကြား ဆောင်ရွက်စေနိုင်သည်။

ခ) ဘဏ်အနေဖြင့် အငြင်းပွားမှုများ အားလုံးကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး မှန်ကန်ခြင်းမရှိပါက ငြင်းပယ်နိုင်သည်။ အငြင်းပွားမှုများတလျှောက် စာရင်းပိုင်ရှင်မှ မှားယွင်းဆောင်ရွက်သော ပေးချေမှုများအားလုံးအတွက်စာရင်းပိုင်ရှင် အနေဖြင့် ဘဏ်သို့ပေးရန်တာဝန်ရှိမည် ဖြစ်ပြီးစုံစမ်းမှုများတွင်ကုန်ကျခဲ့သော ကုန်ကျစရိတ်များအား ဘဏ်သို့ ပေးရန်တာဝန်ရှိသည်။ မှားယွင်းဆောင်ရွက်သူသည် မှားယွင်းဆောင်ရွက်မှု၏ တန်ဖိုးကို ပြန်လည်ပေးလျော်ရန် တာဝန်ရှိသည်။၎င်းအခြေအနေတွင် ရဲတပ်ဖွဲ့ အစီရင်ခံစာ ကိုပါ ထည့်သွင်းစဉ်းစားမည်။

## ၃၄။ ဥပဒေအကြောင်းအရာဖြေရှင်းခြင်း

(၃၄.၁) Terms & Conditions စည်းကမ်းသတ်မှတ်ချက်များသည် ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်မှ ချမှတ်ထားသောဥပဒေ များနှင့်အညီ ရေးသားထားခြင်းဖြစ်သောကြောင့် စာရင်းပိုင်ရှင်သည် ဘဏ်မှ သတ်မှတ်ထားသည်များကို သဘောတူလိုက်နာ ရမည်ဖြစ်ပသည်။အကယ်၍ မြန်မာဘာသာဖြင့်ရေးသားထားသော ၎င်းစည်းကမ်းသတ်မှတ်ချက်များသည် အင်္ဂလိပ်ဘာသာ နှင့်ရေးသားချက်များနှင့် အနည်းငယ်ကွဲလွဲမှုရှိခဲ့သော် မြန်မာဘာသာနှင့် ရေးသာထားခြင်းကိုသာ အတည်ပြုမှတ်ယူရပါမည်။

(၃၄.၂) အငြင်းပွားဖွယ်ရာကိစ္စရပ်များအတွက် နှစ်ဦးသဘောတူညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပြီး ညှိနှိုင်းမရသော အခြေအနေတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ပြဌာန်းထားသော ဥပဒေနှင့်အညီ ရန်ကုန်မြို့တွင် ရုံးသုံးမြန်မာစကားအသုံးပြုကာ ဖြေရှင်း ဆောင်ရွက်သွားမည်။